မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ရက်၊ ၂၀၁၀ခုနှစ်၊ စက်တင်ဘာ ၂၀ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၅၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ - မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာများနှင့် ဆင်လမ်းကြီးဘူတာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူလူထု ထောက်ခံအတည်ပြုပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုဝင်ဘာ (၇) ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး နိုင်ငံသားအားလုံးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်ကြီးဖြစ်

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး ပြည်သူ့ဆန္ဒနှင့် ဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ရပ်မှန်သမျှကို ဆန့်ကျင်တိုက်ဖျက်

နေပြည်တော် စက်တင်ဘာ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်ပြီးစီးသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မင်းဘူးဘူတာရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်တက်ရောက်ချီးမြှင့်၍ အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မင်း၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲပေးမည့် အထူးရထားဖြင့် လိုက်ပါမည့် ဒေသခံပြည်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၀ ရက်)

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ အသိပညာမြင့်မားရေး စာအုပ်စာပေများကို ဖတ်ရှုလေ့လာ

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဒေသတစ်ခုနှင့်တစ်ခု ကွာဟချက်မရှိရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်အကောင်အထည် ဖော်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် ခေတ်အဆက်ဆက် ပညာသင်ယူမှုအခွင့်အလမ်း ဆုံးရှုံးခဲ့ရသည့် နယ်စပ်ဒေသနေကလေးငယ်များ ပညာသင်ယူမှုအခွင့်အလမ်းရရှိစေရန် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းများကို ဖွင့်လှစ်ပို့ချ ပညာသင်ကြားပေးလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်လေးများ အသိဉာဏ် ဗဟုသုတဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသကျောင်းများသို့ ပုဂ္ဂလိကစာပေတိုက်များက တေရသမအကြိမ် အခြေခံပညာသင်ရိုးဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများလှူဒါန်းပွဲကို စက်တင်ဘာ ၁၇ရက်နေ့က နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့သည်။ ယင်းလှူဒါန်းသည့်စာအုပ်များကို နယ်စပ်ဒေသကျောင်းများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ကျောင်းနှင့် နယ်စပ်ဒေသအထောက်အပံ့ခံကျောင်း ၂၀သို့ ဖြန့်ဝေပေးမည်ဖြစ်သည်။

၁၉၈၈ခုနှစ်မတိုင်မီက နယ်စပ်ဒေသ၌ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ၂၇ကျောင်းသာရှိခဲ့ရာမှ ယခုအခါ နယ်စပ်ဒေသ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလတန်းကျောင်း ၈၉၀၊ အလယ်တန်းကျောင်း ၉၂ကျောင်းနှင့် အထက်တန်းကျောင်း ၉၄ကျောင်းအထိ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းပညာများသင်ယူခွင့်ရရှိနိုင်ရန် အမျိုးသမီးများအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၊ အမျိုးသားများအတွက် စက်မှုလက်မှုပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ပြည်ထောင်စုတိုင်းရင်းသားများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စစ်ကိုင်းတိုင်းဒေသကြီး၌လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကို ရန်ကုန်နှင့် မန္တလေးတို့တွင်လည်းကောင်း ဖွင့်လှစ်ထားရှိပြီး ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်လေးများသည် ယနေ့ကာလတွင် တိုးတက်ရရှိလာသော ပညာသင်ယူမှု အခွင့်အလမ်းများကို ရယူခြင်းနှင့်အတူ မိမိတို့၏ အသိပညာ ဗဟုသုတမြင့်မားနေစေရေးအတွက် စာအုပ်စာပေများကို စဉ်ဆက်မပြတ် ဖတ်ရှု လေ့လာသင့်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၀-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ အဘိဓမ္မာသဒ္ဒါမြတ်ကျမ်းစာ (အပိုင်း-၃)
၇:၂၀ ၄။ ဓမ္မပူဇာတေး
၇:၂၅ ၅။ မျိုးချစ်တပ်မတော်
၇:၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ စိုက်ပျိုးသုတ
၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၃၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၁၉)
၆:၀၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လှျပ်တစ်ပြက်
၆:၄၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၈)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ Talk of the Town
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရုပ်မြင်သံကြားဇာတ်လမ်း **အရဏ်ဦးမှာဖူးသည့်ကြာ** (အပိုင်း-၃) (ဇာတ်သိမ်း)
၂၁။ သင့်အတွက်မနက်ဖြန်

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် မန္တလေး-လားရှိုးသွား ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာ၌ မြေယာရှုခင်းများ ပြုလုပ်၍ ဝန်ထမ်းများ ပန်းအလှပင်များစိုက်ပျိုးဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ကျော်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ပစ္စည်းစီမံထိန်းသိမ်းရေးဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော ပစ္စည်းစီမံထိန်းသိမ်းရေးဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် ဝန်ကြီးဦးခင်မောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးဦးခင်မောင်မြင့်က သင်တန်းတွင် ပထမဆုရ ပစ္စည်းထိန်း(၄) ဒေါ်ဖြိုးအိဇင်၊ ဒုတိယဆုရ ပစ္စည်းထိန်း(၄) ဦးသိန်းကျော်နှင့် တတိယဆုရ ပစ္စည်းထိန်း(၄) ဦးဖြိုးဝေလင်းတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလက(၃) ပခုက္ကူကျောင်း ဆိုင်းဘုတ်အသစ်ဖွင့်ပွဲကျင်းပ

စာအုပ်စာပေ လူ့မိတ်ဆွေ

ပခုက္ကူ စက်တင်ဘာ ၁၉

ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၏ ကျောင်းဆိုင်းဘုတ် အသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၈နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ကျောင်းဆိုင်းဘုတ် အသစ်အား ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလွင်ကိုဦး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ယာပုံ)

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ (ဝ၇ဝ)

အမက(၁၆) ရွှေပြည်သာကျောင်းသားဟောင်းများ
အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၁၆) အခြေခံပညာ မူလတန်းကျောင်းတွင် အသက် (၆၀)ပြည့်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား အောက်တိုဘာ ၅ရက် ကမ္ဘာ့ဆရာများနေ့ မွန်းလွဲ ၁ နာရီ၌ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါကျောင်း၌ တက်ရောက်ပညာသင်ကြားခဲ့ဖူးသော ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အဆိုပါ အခမ်းအနား အစီအစဉ်နှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၆၁၁၃၁၅၊ ဆရာမ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၇၃၀၉၁၈၅၃နှင့် ဆရာမဒေါ်စန်းစန်းမြင့်တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဝန်ကြီးဦးကျော်ဆန်း ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်များအားတွေ့ဆုံ

ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ အမျိုးသားရေးကို အစဉ်ဦးထိပ်ထား

အမျိုးသားအကျိုးစီးပွားအပေါ် အစဉ်ရပ်တည်၊ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် စက်တင်ဘာ ၁၉

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ရုပ်ရှင်နှင့် ဗီဒီယိုလောကဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်နှင့် ဗီဒီယို လောကသားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒါရိုက်တာအခြေခံအလွှာ၊ အဓိကသရုပ်ဆောင်အလွှာ၊ ဇာတ်ပို့ဇာတ်ရံအလွှာ၊ ဇာတ်လမ်းဇာတ်ညွှန်းအလွှာ၊ တည်းဖြတ်မှတ်တမ်းအလွှာ၊ ထုတ်လုပ်ဖြန့်ချိအလွှာ၊ပြဇာတ်နှင့် နောက်ခံတေးဂီတအလွှာ၊ ဗီဒီယိုအခြေခံအလွှာနှင့် စက်မှုအလွှာတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တာဝန်ရှိသူအမှုဆောင်များက ရှင်းလင်းတင်ပြကြရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဦးထိပ်ထား

ထို့နောက် ဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်နှင့်ဗီဒီယိုလောကသားတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့်ဆောင်ရွက်ရန် ရည်ရွယ်ချက်(၅)ရပ်နှင့် ရည်ရွယ်ချက်အောင်မြင်အောင်ဆောင်ရွက်ရမည့် အခြေခံအချက် (၁၂)ချက်တို့ကို သတ်မှတ်ပေးခဲ့ကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များ၏ အနှစ်ချုပ်မှာ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကနှင့်လောကသားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လောကသားများအနေဖြင့် အမျိုးသားရေးကို အစဉ်ဦးထိပ်ထားရေးတို့ပင်ဖြစ်ကြောင်း။

ရှင်းလင်းမှာကြား

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရုပ်ရှင်လောကသားများ၏ ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန် ဆက်စပ်တည်မှီလျက်ရှိကြောင်း၊ သို့ဖြစ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် အမျိုးသား အကျိုးစီးပွားအပေါ် အစဉ်ရပ်တည်လျက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့သည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် အမှုဆောင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စဉ့်ကိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (ပလိပ်)၌ CNG ဆလင်ဒါအိုးများ တပ်ဆင်ထိန်းသိမ်းထားရှိမှုနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

စက်သုံးဆီပြတ်လပ်မှုမရှိအောင် အထူးဂရုပြုဖြန့်ဖြူး

မီးဘေးအန္တရာယ်ကာကွယ်ရေး အလေးထားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသီသည် စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မ ရေနံသိုလှောင် ဖြန့်ဖြူးရေးဌာနကြီး (ခ)အဆင့် (မန္တလေး)သို့ရောက်ရှိရာ အထွေထွေမန်နေဂျာ (မန္တလေး ပင်မ)က လက်ရှိဆောင်ရွက်နေသည့် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်သုံးဆီများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စက်သုံးဆီပြတ်လပ်မှုမရှိအောင် အထူးဂရုပြု ဖြန့်ဖြူးဆောင်ရွက်ရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုကာကွယ်ရေး စသည်တို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်(ပလိပ်)၌ မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ဝယ်ယူဖြည့်တင်းနေမှု၊ CNG ဆလင်ဒါအိုးများ တပ်ဆင်ထိန်းသိမ်းထားရှိမှုနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ အချိန်ရှိခိုက်လုံ့လစိုက် တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမွေဆရာတော်)]
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၁၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၃)
- ၈:၄၀ ဖန်းမော်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏
- ၉:၁၅ ဈေးနှုန်းချိုသာ မြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
- ၉:၁၀ လွယ်ကူမြန်ဆန်စေရာ··· စံမြန်မာ
- ၉:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်းသိကောင်းစရာ)
- ၉:၅၀ သီချင်းလေးနဲ့ အတူလိုက်ခဲ့တော့
- ၁၀:၁၅ ရွှေဖြစ်မည့် ရတနာအစစ်···
- ၁၀:၂၅ The Champion of Dance
- ၁၁:၀၀ Celebrity Choice (Too Big)
- ၁၁:၃၀ Blue Wind Multimedia Art Festival
- ၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ် (အလင်္ကာဝတ်ရည်မဂ္ဂဇင်း)
- ၁၂:၃၅ Make in a Delicious Way (Morocan မှ စွဲမက်ဖွယ်ရာ အစားအစာများ)
- ၁:၀၀ အချိန်ရှိခိုက်လုံ့လစိုက် တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမွေဆရာတော်)]
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ သူတို့ဘဝသူတို့ဟာသ (ဦးချစ်စရာ)
- ၂:၅၅ FMF Selcotion
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၁၉)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၃)
- ၄:၄၀ ဈေးနှုန်းချိုသာ မြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
- ၄:၅၀ လွယ်ကူမြန်ဆန်စေရာ··· စံမြန်မာ
- ၅:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၂၀)
- ၇:၂၅ ဗီဒီယိုပြခန်း
- ၇:၄၅ International Show Biz
- ၈:၀၀ MRTV-4 သတင်း
- ၈:၂၀ စကားနပန်း (ယောက္ခမနှင့်အတူနေတာ ကောင်းတယ်၊ မနေတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၄)
- ၁၀:၁၀ အနုပညာမိုးကောင်းကင်
- ၁၀:၃၅ သီချင်းလေးနဲ့အတူလိုက်ခဲ့တော့
- ၁၀:၅၅ ဈေးဝယ်လမ်းညွှန် (ဝါရွှေစင်ပိုးထည်)
- ၁၁:၂၀ ရွှေဖြစ်မည့် ရတနာအစစ်···
- ၁၁:၃၀ Shooting Making (ဖြစ်ခွင့်ရလျှင် ဇာတ်ကားရိုက်ကူး ပုံဖော်နေမှုများ)
- ၁၁:၅၀ ပြည်တွင်းမှာပင်ချုပ်လုပ်ထား ခေတ်မီအသွင်ဆန်း သားရေအိတ်များ
- ၁၂:၀၀ နလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (တတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
- ၁၂:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဝေမိုး)
- ၁၂:၅၅ Make in a Delicious Way (Morocan မှ စွဲမက်ဖွယ်ရာ အစားအစာများ)
- ၁:၁၅ Blue Wind Multimedia Art Festival
- ၁:၃၀ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး···
- ၁:၅၀ Celebrity Profile (Lee Byaung Hun)
- ၂:၃၀ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၂)
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ **နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
- ၄:၂၅ မြန်မာ့အနုပညာ ငွေထည်လုပ်ငန်း
- ၄:၄၀ ဖန်းမော်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား မြဝတီ၌ ဂုဏ်ပြုပွဲကျင်းပ

မြဝတီ စက်တင်ဘာ ၁၉

မြဝတီခရိုင် မြဝတီမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ရက်က အထက (မြဝတီ) ဘုရင့်နောင်အားကစားခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီက ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပေးကြသည်။

ထို့နောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း မျှော်မှန်းအောင်ချက် စွမ်းဆောင်နိုင်ဆုံးဆုရ အထက (သဃ်န်းညီနောင်)အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေကျပ် ၁၀သိန်း ချီးမြှင့်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူက လက်ခံယူသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အီဂေါဟာရီကိန်း ဘာမြူဒါသို့ တိုက်ခတ်

ဟမီလ်တန်(ဘာမြူဒါ) စက်တင်ဘာ ၁၉

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သည့် အီဂေါဟာရီကိန်းမုန်တိုင်းသည် စက်တင်ဘာ ၁၉ရက်က ဘာမြူဒါဒေသသို့ ဦးတည်တိုက်ခတ်လျက်ရှိရာမှ ကမ်းရိုးတန်းတစ်လျှောက် ဝင်ရောက်တိုက်ခတ်ပြီး လှိုင်းလုံးကြီးများ ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန် ဟာရီကိန်းဌာနက ကြေညာသည်။

ရိုက်ခတ်

*အဆိုပါ ဟာရီကိန်းမုန်တိုင်းသည် အားပျော့သွားပြီ ဖြစ်သော်လည်း ဘာမြူဒါ ကမ်းခြေသို့ လှိုင်းလုံးကြီးများ ရိုက်ခတ်ခဲ့ရာ **(အပေါ်ဝဲပုံ)** အမြင့်ပေ ၁၂ပေမှ ၁၅ပေအထိ လှိုင်းများမြင့်တက်ခဲ့ကြောင်း၊ ယင်းလှိုင်းလုံးကြီးများကြောင့် ဘာမြူဒါတစ်လျှောက် နေအိမ်များ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရကြောင်း ဟာရီကိန်းဌာနက ကြေညာသည်။*

ပြောင်းရွှေ့

ဒေသခံပြည်သူများအနေဖြင့် ရေကြီးမှုမှ ကာကွယ်ရန် ကမ်းခြေတစ်လျှောက် သဲအိတ်များချခြင်း၊ ရေဘေးဖြစ်ပေါ်နိုင်သည့် နေအိမ်မှ ပြည်သူများအား ပြောင်းရွှေ့ပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ***(အင်တာနက်)***

ကုန်တင်သင်္ဘောအား ဆိုမာလီဓားပြများအပိုင်စီးမှု ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့ ကယ်တင်နိုင်ခဲ့

ဆနာ စက်တင်ဘာ ၁၉

ပင်လယ်နီကို ဖြတ်သန်းမောင်းနှင်လာသော ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီ ပင်လယ်ဓားပြများက အပိုင်စီးရန် ကြိုးပမ်းမှုကို ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့က နှိမ်နင်းနိုင်ခဲ့ကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

ယီမင်နိုင်ငံကမ်းလွန်တွင် နိုင်ငံခြားကုန်တင်သင်္ဘောတစ်စင်းအနီးသို့ အမြန်ရေယာဉ်တစ်စင်းဖြင့် ရောက်ရှိလာသော ပင်လယ်ဓားပြလေးဦးအား မိမိတို့ ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့က ပစ်ခတ်တိုက်ခဲ့သဖြင့် ၄င်းကုန်တင်သင်္ဘောမှာ ဘေးကင်းစွာလွတ်မြောက်ခဲ့ကြောင်း ယီမင်စစ်ဘက်က ပြောကြားသည်။ ဆိုမာလီပင်လယ်ဓားပြများရန်မှ ကာကွယ်ရန် အေဒင်ပင်လယ်ကွေ့နှင့် ယီမင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ယီမင်ရေတပ်က ဩဂုတ် ၁၉ရက်မှစတင်ကာ လုံခြုံရေးတိုးမြှင့်ကင်းလှည့်မှုများ ပြုလုပ်လျက်ရှိသည်။

ယီမင်ရေတပ်မှ တိုက်ခိုက်ခဲ့သဖြင့် လွတ်မြောက်သွားခဲ့သော ကုန်တင်သင်္ဘောသည် မည်သည့်နိုင်ငံမှဖြစ်သည်ကိုလည်းကောင်း၊ ဆိုမာလီပင်လယ်ဓားပြများအား ဖမ်းဆီးနိုင်မှု ရှိမရှိကိုလည်းကောင်း ယီမင်စစ်ဘက်က သတင်းမထုတ်ပြန်ခဲ့ချေ။ **(အင်တာနက်)**

ဘိုးရင်း-၇၃၇ လေယာဉ်အစင်း ၅၀ ရုရှားလေကြောင်းလိုင်းအတွက် ဝယ်ယူ

မော်စကို စက်တင်ဘာ ၁၉

အမေရိကန် လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် ဘိုးရင်းကုမ္ပဏီက ရုရှားနိုင်ငံပိုင် နည်းပညာကုမ္ပဏီသို့ အမေရိကန် ဒေါ်လာ ၃ဒသမ ၇ဘီလီယံ တန်ဖိုးရှိ လေယာဉ်အစင်း ၅၀ ရောင်းချရေး စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ကြောင်း ဘိုးရင်းကုမ္ပဏီက စက်တင်ဘာ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

သဘောတူ

အဆိုပါ ဘိုးရင်း-၇၃၇ လေယာဉ်အစင်း ၅၀ကို ရုရှားလေကြောင်းလိုင်း ဖြစ်သည့် အေရိုဖလော့တွင် အသုံးပြုရန် ယခုနှစ်အစောပိုင်းက ရုရှားနည်းပညာကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း ဘိုးရင်းကုမ္ပဏီက ပြောကြားသည်။ **(ဝဲပုံ)**

ရုရှားကုမ္ပဏီက လက်ရှိမှာယူထားသည့် လေယာဉ်အပြင် နောက်ထပ် လေယာဉ် ၃၅ စင်းကိုလည်း မှာယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ယင်းစာချုပ်ကို ရုရှားနိုင်ငံ ဆိုချီမြို့ ပင်လယ်နက်အပန်းဖြေစခန်း၌ ရင်းနှီးမြှုပ်နှံမှုများ ဖိုရမ်ကျင်းပစဉ်အတွင်း ဘိုးရင်းကုမ္ပဏီမှ မစ္စတာအယ်ဘော့နှင့် ရုရှားနည်းပညာအကြီးအကဲ ဆာဂီချမ်မီဇော့ဗ်တို့ လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ **(အင်တာနက်)**

ဟနာပီတိုင်ဖုန်းမုန်တိုင်း တရုတ်(တိုင်ပေ)သို့ ဝင်ရောက် လူ ၆၀၀၀ကျော် ဘေးကင်းရာသို့ ပြောင်းရွှေ့

တိုင်ပေ စက်တင်ဘာ ၁၉

ဖာနာပီအမည်ရှိ တိုင်ဖုန်းမုန်တိုင်းသည် တရုတ်(တိုင်ပေ)သို့ စက်တင်ဘာ ၁၉ရက်က ဝင်ရောက်ခဲ့ရာ ဒေသခံပြည်သူ ၆၀၀၀ကျော်တို့ ဘေးကင်းရာသို့ ထွက်ပြေးခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပြောင်းရွှေ့

အဆိုပါ မုန်တိုင်းသည် စက်တင်ဘာ ၁၉ရက် နံနက် ၈နာရီ မိနစ် ၄၀က တရုတ်(တိုင်ပေ) ရှိ ဟွာလျန်မြို့ အရှေ့ပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တောင်ခြေများ၌ နေထိုင်သော ပြည်သူများအား မြေမပြိုမီ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း၊ မုန်တိုင်းမှာ တစ်နာရီ ၈၉မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး မိုးရေချိန် ၁၅လက်မအထိ ရွာသွန်းခဲ့ကြောင်း တရုတ်မိုးလေဝသဌာနက ကြေညာသည်။

(အောက်ပုံ) အမ်အင်န်အေ၊ဆင်ဟွာ

အီရတ် မြောက်ပိုင်း၌ ဗုံးခွဲ

ကယ်ကွတ် စက်တင်ဘာ ၁၉

အီရတ်နိုင်ငံမြောက်ပိုင်းတွင် စက်တင်ဘာ ၁၇ရက်က ဗုံးခွဲတိုက်ခိုက်သဖြင့် အရပ်သားနှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ကြေညာသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၂၀၀ခန့်အကွာ ဟာဝီဂျာမြို့၌ ရဲတပ်ဖွဲ့ကင်းလှည့်စဉ် စက်ဘီးပေါ်ထောင်ထားသည့် ဗုံးပေါက်ကွဲသဖြင့် အရပ်သားနှစ်ဦးသေဆုံး၍ အရပ်သားရှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာရသွားခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

နယူးယောက်မြို့၌ လေဆင်နှာမောင်းတိုက်ခတ် သစ်ပင်များနှင့် နေအိမ်အမိုးများကျွတ်ပါခဲ့

နယူးယောက် စက်တင်ဘာ ၁၉

နယူးယောက်မြို့၌ အင်အားပြင်းထန်သော အမြွာလေဆင်နှာမောင်း နှစ်ခု တိုက်ခတ်ခဲ့သဖြင့် သစ်ပင်များနှင့် နေအိမ်အမိုးများ ကျွတ်ပါသွားခဲ့ကြောင်း စက်တင်ဘာ ၁၈ရက်တွင် အမေရိကန် မိုးလေဝသဌာနက ကြေညာသည်။

အဆိုပါ လေဆင်နှာမောင်းနှစ်ခုသည် စက်တင်ဘာ ၁၇ရက် ညပိုင်းက စတင်တိုက်ခတ်ခဲ့ရာ သစ်ပင် ၁၀၀၀ကျော် အမြစ်များ ကျွတ်ထွက်သွားခဲ့ကြောင်း၊ နေအိမ်ရာပေါင်းများစွာတို့မှာလည်း ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

သေဆုံး

ယင်းလေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကားပေါ်သို့ သစ်ပင်လဲကျပြီး အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရကြောင်း၊ ၄င်းနှင့်အတူ ခင်ပွန်းဖြစ်သူမှာ အသက်မသေဘဲ ကျန်ရစ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ဒုတိယအကြိမ်

၄င်းလေဆင်နှာမောင်းသည် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း နယူးယောက်မြို့၌ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ကိုးခုမြောက် လေဆင်နှာမောင်းဖြစ်ကြောင်း၊ ယင်းမှာ ယခုနှစ်အတွင်း ဒုတိယအကြိမ် တိုက်ခတ်သည့် လေဆင်နှာမောင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့၌ ကားဗုံးနှစ်လုံး ပြိုင်တူပေါက်ကွဲ၊ ၂၉ဦးသေဆုံးပြီး ၁၁၁ဦး ထိခိုက်ဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် စက်တင်ဘာ ၁၉ရက်က ကားဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ ၂၉ဦးသေဆုံးပြီး ၁၁၁ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပေါက်ကွဲ

အဆိုပါ ကားဗုံးနှစ်လုံးမှာ နံနက် ၁၀နာရီ ၁၅မိနစ်ခန့်က ပြိုင်တူပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဘဂ္ဂဒက်အနောက်ပိုင်း၌ ပေါက်ကွဲသောဗုံးမှာ မန်ဆာအရပ်ရှိ မိုဘိုင်းလ်ဖုန်းကုမ္ပဏီအနီး၌ ပေါက်ကွဲခြင်းဖြစ်ပြီး ၄င်းပေါက်ကွဲမှုကြောင့် ၁၀ဦး သေဆုံးကာ ၅၈ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေး သတင်းရပ်ကွက်က ပြောသည်။

သေဆုံး

ဘဂ္ဂဒက်မြို့ မြောက်ပိုင်း အဒမ်ရင်ပြင်အနီး၌ ပေါက်ကွဲခဲ့သော ကားဗုံးကြောင့် ၁၉ဦး သေဆုံးပြီး ၅၃ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ကားစီးရေများစွာ ပျက်စီးခဲ့ရကြောင်း **(ဝဲပုံ)** အီရတ်ပြည်ထဲရေး သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဒုတိယဝန်ကြီး ဦးသိန်းထွန်း

ဆက်သွယ်မှုနည်းပညာဆိုင်ရာသင်တန်းများဆင်းပွဲတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၏ e- Learning Centre ၌ ဖွင့်လှစ်ပို့ချသည့် PC for Office Applications Advanced Course နှင့် e-mail and Internet Course သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ရက်နံနက်၉နာရီခွဲက နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနခန်းမ၌ကျင်းပရာ သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

(အပေါ်ပုံ)

မွေးထုတ်ပေးနိုင်

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၏ e- Learning Centre၌ ၂၀၀၆ခုနှစ် ဧပြီ ၂၄ရက်မှစတင်၍ သတင်းဆက်သွယ်မှု နည်းပညာနှင့် သက်ဆိုင်သည့်သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ယခုအချိန်အထိ သင်တန်း၂၅မျိုးကို သင်တန်းအကြိမ်ပေါင်း (၇၉)ကြိမ်ဖြင့် သင်တန်းသား ၃၆၅၅ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

သင်ကြားပို့ချ

သင်တန်းများသို့ ဝန်ကြီးဌာနများမှ သင်တန်းသားသင်တန်းသူ ၇၉ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ လေးပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရည်ချွန်ဆုပေးပွဲ ကျောက်တန်း အထက(၂)၌ ကျင်းပ

ကျောက်တန်း စက်တင်ဘာ ၁၉

ကျောက်တန်းမြို့ အ-ထ-က(၂) သော်ကကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်နံနက်က အဆိုပါကျောင်း သော်ကရတနာခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်အောင်မြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးရဲအောင်တို့ အမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် မိဘဆရာအသင်း အမှုဆောင်က အစီရင်ခံစာ၊ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားပြီး သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ထူးချွန်ဆုရရှိသူများအား မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ဆုချီးမြှင့်ကြသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်တန်း၌ မြို့နယ်အမှတ်အများဆုံး ထူးချွန်ဆုရသူ လေးဘာသာဂုဏ်ထူးရှင် မောင်သော်ဇင်ထွန်းကို မြို့နယ်ပညာရေးမှူး ဦးခင်အောင်မြင့်က ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၁၁၅)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၉

MAT Professional Training & Services နှင့် Guardian Independent Certification Ltd.(UK)တို့ ပူးပေါင်း၍ ISO 14001-Environmental Management Standard (EMS) သင်တန်းကို စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အသုံးပြုနိုင်

ISO(EMS) 14001:2005 Standardများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ နိုင်ငံတကာစံညွှန်းများဖြစ်သည်။ မြန်မာနိုင်ငံတွင် Oil & Gas Industries, Mining Industries, Construction Industry , Chemical and Fertilizer စသည့် စက်ရုံများ၌ အသုံးပြုနိုင်သော Standard များဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါသင်တန်းသို့ ISOလက်မှတ်ရကုမ္ပဏီများ၊ ISO လက်မှတ်ရယူလိုသောကုမ္ပဏီများ၊ အထက်ပါ Industry များ၊ စက်ရုံ၊ အလုပ်ရုံများမှ ဒါရိုက်တာများ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာထမ်းများ၊ လုပ်ငန်းစစ်များနှင့် အခြား ISO 14001-Environmental Management Standard များကို စိတ်ပါဝင်စားသူ မည်သူမဆို စာရင်းပေး တက်ရောက်နိုင်သည်။

ချီးမြှင့်ပေး

သင်တန်းတွင် ရေရှည်လုပ်ငန်းရပ်တည်ရန်အတွက် Environmental Management Standard (EMS) များ၏ အရေးပါပုံ၊ EMS စနစ်ကို အကောင်အထည်ဖော်ရန်အတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်ချက်များ၊ အမြဲမပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု EMS Certificate ရရှိရန်အတွက် လိုအပ်ချက်များကို ဆွေးနွေးမည် ဖြစ်ကြောင်း၊ သင်တန်းကို IRCA-UK Registered QMS Auditor [GIC International Ltd.(UK)] Dr. Tin Latt က ပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားအားလုံးကို သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

မြန်မာနိုင်ငံတွင် ISO (EMS) နှင့် ပတ်သက်သော သင်တန်းများကို MAT Professional Training & Services ၌ လေ့လာသင်ယူနိုင်ကြောင်း၊ ၄င်းအပြင် HACCP, ISO 22000 သင်တန်းများ၊ Marketing သင်တန်းများ၊ Auditing သင်တန်းများကို လစဉ်ပို့ချလျက်ရှိကြောင်း၊ ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင်LCCI, CAT, ACCA နှင့် ABE သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် MAT Professional Training & Services, ဖုန်း-၂၄၆၆၁၈၊ ၂၄၂၄၃၁နှင့် ၇၃၀၀၂၉၅၈ နှင့် www. matprofessional. Com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ လုပ်ငန်းစွမ်းရည်မြှင့် သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ လုပ်ငန်းစွမ်းရည်မြှင့် သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပသည်။

ချီးမြှင့်

အဆိုပါ အခမ်းအနားတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူးဦးသန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

ကြာမြင့်

အဆိုပါ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ကြေးတိုင်နှင့် မြေစာရင်း)**

ရေလှောင်ကန် တည်ဆောက်

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် အဖွဲ့ ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏အဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးအတွက် ရေလှောင်ကန် တည်ဆောက်ထားရှိမှုကို စက်တင်ဘာ ၁၀ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာ ဖြစ်ရပ်မှန်မှုခင်း

ဖိလစ်ပိုင်မလေးရဲ့ အပြန်လမ်းမှာ....

မြင့်မောင်စိုး - ရေးသားသည်

မနီလာ စက်တင်ဘာ ၁၉

ကမ္ဘာတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ တစ်နိုင်ငံမှ တစ်နိုင်ငံ၊ ဒေသတစ်ခုမှ တစ်ခုသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ များပြားလာခဲ့ပါတယ်။ ဒီလိုလုပ်ကိုင်တဲ့အခါ ဆင်းရဲတဲ့နိုင်ငံတွေ ဒါမှမဟုတ် ဖွံ့ဖြိုးစနိုင်ငံတွေက အလုပ်သမားတွေဟာ ချမ်းသာတဲ့ နိုင်ငံတွေကို သွားရောက် လုပ်ကိုင်ကြတာ များပါတယ်။ အထူးသဖြင့် အာရှနဲ့တောင်အာရှဒေသမှာရှိတဲ့ နိုင်ငံအများစုက အလုပ်သမားတွေဟာ ဥရောပနဲ့ အရှေ့အလယ်ပိုင်းဒေသက ရေနံသိုက်ကြီးတွေပိုင်ဆိုင်ထားတဲ့ နိုင်ငံတွေမှာ အများအားဖြင့် အလုပ်လုပ်ကိုင်ကြတာ များပါတယ်။

လိမ်လည်လှည့်ဖြား

ရွှေ့ပြောင်းအလုပ်သမားတွေဟာ ဒီလိုသွားရောက်လုပ်ကိုင်တဲ့အခါမှာ အဆင်ပြေတာတွေရှိသလို အဆင်မပြေတာတွေလည်း များပါတယ်။ အလုပ်သမားတွေဟာ အလုပ်ရှင်တွေရဲ့ ညှဉ်းပန်းနှိပ်စက်မှု၊ ကလိမ်ကျမှု၊ မတော်မတရားပြုကျင့်မှု၊ အဓမ္မပြုကျင့်မှုနဲ့ လိမ်လည်လှည့်ဖြားမှု စတာတွေကို ခါးစည်းခံကြရတာတွေ ရှိပါတယ်။

ခွဲစိတ်ကုသ

ဒါတွေဟာ တကယ်တော့ ပြည်ပကို အလုပ်အကိုင်သွားရောက် လုပ်ကိုင်ကြသူတွေ၊ အထူးသဖြင့် မိန်းကလေးတွေအတွက်တော့ သတိပြုစရာဖြစ်နေပါတယ်။ တစ်လောကပဲ သီရိလင်္ကာနိုင်ငံက အမျိုးသမီးတစ်ဦးဟာ အရှေ့အလယ်ပိုင်းဒေသက နိုင်ငံတစ်နိုင်ငံမှာ အလုပ်သွားရောက်လုပ်ကိုင်ပြီး ပြန်လာတဲ့အခါ ခန္ဓာကိုယ်ထဲ သံမှိုတွေ ရိုက်ထည့် ညှဉ်းပန်းနှိပ်စက်ခံရလို့ သူ့နိုင်ငံရောက်မှ ပြန်လည်ခွဲစိတ်ကုသခဲ့ရတယ်လို့ ဆိုပါတယ်။

ဟော...ခုလည်း ကြားရပြန်ပါပြီ။ ဖိလစ်ပိုင်နိုင်ငံက အမျိုးသမီးတစ်ယောက် ကာတာ နိုင်ငံမှာ အလုပ်သွားလုပ်ပြီးအပြန် လေယာဉ်ပေါ်မှာ ကလေးမွေးသတဲ့။ ဒီကလေးကိုတော့ သူ့ဆွေမျိုးအသိုင်းအဝိုင်းက ကွဲရဲ့ပြောဆိုမှာကို စိုးရိမ်ပြီး လေယာဉ်ရဲ့နောက်ဖေးခန်းထဲက အမှိုက်ပုံးထဲမှာ တစ်ရှူးနဲ့ပတ်ပြီး ထားလိုက်သတဲ့။ ဒီအဖြစ်အပျက်က စက်တင်ဘာ ၁၂ရက်က ဖြစ်ခဲ့တာပါ။

ဝန်ခံပြောဆို

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ လေဆိပ်ကို ဆင်းသက်လာတဲ့ အရှေ့အလယ်ပိုင်းဒေသကလာတဲ့ လေယာဉ်တစ်စီးပေါ်မှာ ကလေးကို အမှိုက်ပုံးထဲက တွေ့ခဲ့တာလို့ ဆိုပါတယ်။ ကလေးကိုတော့ လေဆိပ်တာဝန်ရှိသူတွေက လေဆိပ်ဆေးခန်းမှာ ပြုစုစောင့်ရှောက်ထားပါတယ်။ ဒီလိုနဲ့ ဒီကလေးရဲ့ပိုင်ရှင်ဟာ မည်သူမည်ဝါဆိုတာ အဖြေမပေါ်ခဲ့ပါဘူး။ ဒါပေမယ့် ဒီကလေးရဲ့ မိခင်ဖြစ်သူ ဖိလစ်ပိုင်အမျိုးသမီးက သက်ဆိုင်ရာဌာနကို လာရောက်ပြီး သူ့ကလေးဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့တယ်တဲ့။

ဒီအမျိုးသမီးဟာ ဖိလစ်ပိုင်နိုင်ငံ အပါယောပြည်နယ်မြောက်ပိုင်းက ကလေးနှစ်ယောက်မိခင် ဖြစ်ပါတယ်။

ပေါင်းသင်းခဲ့

သူမဟာ လွန်ခဲ့တဲ့နှစ် ဖွန်လက ကာတာနိုင်ငံမှာ သုံးနှစ်ကြာ အလုပ်သွားလုပ်ဖို့ ဖိလစ်ပိုင်နိုင်ငံက ထွက်ခွာသွားခဲ့တယ်လို့ ဆိုပါတယ်။ ဒီအမျိုးသမီးရဲ့ အမည်ကိုတော့ သက်ဆိုင်ရာက လျှို့ဝှက်ထားပါတယ်။ ဒီအမျိုးသမီးဟာ ကာတာအလုပ်ရှင်ရဲ့ မတော်ပြုခံရပြီး အပျော်မယားအဖြစ် ပေါင်းသင်းခဲ့တယ်လို့ သူမက ဆိုပါတယ်။

နောက်ဆုံးမှာတော့ ဖိလစ်ပိုင်အိမ်ဖော်အမျိုးသမီးဟာ ဒီအလုပ်ရှင်နဲ့ ကိုယ်ဝန်ရလာတယ်လို့ ဆိုပါတယ်။

တောင်းခံ

နောက်ဆုံးမှာတော့ ကာတာအလုပ်ရှင်ဟာ ဒီဖိလစ်ပိုင် အိမ်ဖော်မလေးကို ကိုယ်ဝန်အရင့်အမာကြီးနဲ့ ဖိလစ်ပိုင်နိုင်ငံကိုပြန်ဖို့ လေယာဉ်နဲ့ အတင်းထည့်ပေးပြီး တင်ပေးလိုက်လေသတဲ့။ ဖြစ်ချင်တော့ ဒီအမျိုးသမီးရဲ့ ကိုယ်ဝန်ဟာလည်း နေ့စေ့၊ လစေ့ဖြစ်နေတော့ လေယာဉ်ပေါ်မှာပဲ မွေးခဲ့လေသတဲ့။ လေယာဉ်ပေါ်မှာပါလာတဲ့ ဇနီးမောင်နှံအတွဲပေါင်း ၂၀ လောက်က ဒီကလေးကို မွေးဖို့တောင်းခံကြသတဲ့။ ကလေးကိုစွန့်ပစ်တဲ့ ဖိလစ်ပိုင် အိမ်ဖော်အမျိုးသမီးကတော့ ကလေးကို စွန့်ပစ်ခဲ့တဲ့အတွက် ဥပဒေနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ဖိလစ်ပိုင်တာဝန်ရှိသူတွေက ဆိုပါတယ်။

သင်ခန်းစာယူ

ဘာပဲဖြစ်ဖြစ် ဒီဖြစ်စဉ်လေးက ရွှေ့ပြောင်းအလုပ်သမားအဖြစ် ပြည်ပကိုသွားရောက်အလုပ်လုပ်ကိုင်ကြသူတွေ၊ အထူးသဖြင့် အမျိုးသမီးငယ်တွေအတွက်တော့ သတိပြုစရာ၊ သင်ခန်းစာယူစရာ ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ယနေ့ အမျိုးသမီးငယ်တွေ အမျိုးသားအလုပ်ရှင်တွေရဲ့ မာယာထောင်ချောက်ထဲ အယုံလွယ်ပြီး မသက်ဆင်းမိကြစေဖို့ လက်တွေ့သာဓကဆောင်လို့ အသိပေး ရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။ ။

ကိုးကား- အင်တာနက်

အမှာစကားပြောကြား

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုပွဲ၌ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ရုပ်ရှင်အစည်းအရုံး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဆုချီးမြှင့်

ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မငွေပြည်စိုးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၉

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအားဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင် ဦးဝင်းနိုင်က ပညာရည်ချွန်ဆုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မငွေပြည်စိုးနှင့် ငါးဘာသာဂုဏ်ထူးရှင် မသဲအိဖြူတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က လေးဘာသာ ဂုဏ်ထူးရှင်လေးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ထူးချွန်ဆုရရှိကြသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မဖြူသဲချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး မလိခဦးစိုးထိုက်အောင်က အလှူရှင်များ စာရင်းကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ဝန်ကြီးဦးကျော်ဆန်းက ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် ထူးချွန်ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ပညာရည်ချွန် ထူးချွန်ဆုရရှိကြသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်သင်တန်း(၁/၂၀၁၀) သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။ **(သတင်းစဉ်)**

Yangon Lifestyle Furniture Fair 2010 အကောင်းဆုံးပြခန်းဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ Yangon Lifestyle Furniture Fair 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၁၆ရက်မှ ၁၉ရက်အထိ ခင်းကျင်းပြသခဲ့ရာ ပါဝင်ပြသခဲ့သည့် ပြခန်းများမှ အကောင်းဆုံး ပြခန်းဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီက တပ်မတော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ဆုချီးမြှင့်ပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာက ဆုရွေးချယ်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌဦးစိန်လွင် **(အပေါ်ပုံ)**၊ အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းနှင့် ဗဟိုအလုပ်အမှုဆောင်များက အထူးဆုရရှိသည့် Thousand Islands Business Group ကို လည်းကောင်း၊ ပြခန်းပထမဆုရရှိသည့် Lin Win Co., Ltd. ကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် မြန်မာမေကောင်း Wood Based Industry Co., Ltd.ကိုလည်းကောင်း၊ တတိယဆုရရှိသည့် Cupid Furniture ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒီဇိုင်းနှင့်ပြခန်း ခင်းကျင်းမှု အကောင်းဆုံးဆုရရှိသည့် Htoo International Industry Group Co., Limited ကို Thousand Islands Business Groupမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းသိန်းက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်အောင် အထက အာစရိယပူဇော်ပွဲကျင်းပမည်

မြန်အောင် စက်တင်ဘာ ၁၉

မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မြန်အောင်အထကခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၅၃ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၆၀ အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးဝင်း (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၄၄-၅၀၀၂၉၊ ဦးထွန်းလင်း (ရွှေနဂါးရောင်းဝယ်ရေး)ဖုန်း-၀၄၄၅၀၃၄၈၊ ဦးခင်မောင်ဝင်း (ရွှေမင်းသားဖျော်ရည်စုံ) ဖုန်း-၀၄၄-၅၀၂၈၅၊ ဦးဝင်းမော် (ဂိုးလ်စတား အီလက်ထရွန်နစ်) ဖုန်း-၀၄၄-၅၀၁၃၁၊ ဒေါ်ခင်ကြူကြူ (စိန်အကယ်ဒမီရွှေဆိုင်) ဖုန်း-၀၄၄-၅၀၁၉၂တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

နိုးဆော်ထား

ထို့ပြင် ရန်ကုန်မြို့မှ အပူဇော်ခံကြွရောက်မည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ပူဇော်ပွဲတက်ရောက်မည့် ကျောင်းသားကျောင်းသူဟောင်းများအား အသွားအပြန်စရိတ်ငြိမ်း ပို့ဆောင်ပေးမည်ဖြစ်၍ ဦးအေးသန်း ဖုန်း-၀၁-၅၂၅၄၃၈၊ ဦးဝင်းထိန် ဖုန်း-၀၉-၅၀-၁၄၃၅၀၊ ဦးလှမြင့် ဖုန်း-၀၁-၇၀၄၄၆၁တို့သို့ အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရန် နိုးဆော်ထားသည်။ **(မြို့နယ် ပြန်/ဆက်)**

ရိုးရာလောင်းလှေပြိုင်ပွဲ မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၉

မိတ္ထီလာမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား လောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ဖောင်တော်ဦးစေတီတော် ကန်စပ်တွင်ကျင်းပသည်။ ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ယမန်နှစ်က ပထမဆုရရှိခဲ့သော နွားစမ်းတောင် လှေအသင်းက ဆုဖလားအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပြန်လည်အပ်နှံသည်။ အဆိုပါ လှေပြိုင်ပွဲသို့ အကြီးတန်းခြောက်သင်းနှင့် အငယ်တန်း ၁၃သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ဝဓဖ)**

ကျောက်စီလုပ်ငန်း

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ကျောက္ကာ-ရွှေဂူနီ ဖြတ်လမ်းပေါ် ညောင်ပင်ကျေးရွာအနီးရှိ ကွန်ကရစ်ကျောက်စီလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးစိုးညွန့် ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

အင်အားပြင်းမြေငလျင်လှုပ်

နေပြည်တော် စက်တင်ဘာ ၁၉

စက်တင်ဘာ ၁၈ရက် နံနက် ၂နာရီ ၅မိနစ် ၄၀စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၈၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အာဖဂန်နစ္စတန်နိုင်ငံ ဟိန္ဒူကုပ်ဒေသ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။
(သတင်းစဉ်)

20-9 (06).pmd 1 9/20/2010, 3:13 AM

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၀)အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၀) အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသိမ်မှော်ရုံ၌ ကျင်းပသည်။

မြွက်ကြား

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသနက အဖွင့် သြဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

လျှောက်ထား

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့၏ (၁/၂၀၁၀) အစည်းအဝေး မှတ်တမ်းကို အတည်ပြုချက်ရယူပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၀) အစည်းအဝေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ယင်းနောက် တက်ရောက်လာကြသူများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို ပညာရေးအဖွဲ့၏ (၂/၂၀၁၀) အစည်းအဝေး၏ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆွေးနွေးဆုံးဖြတ်

ထို့နောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)တို့၏ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြပြီး (၁၆)ကြိမ်မြောက် သာသနာ့တက္ကသိုလ ဘွဲ့နှင်းသဘင် အခမ်းအနား၌ ဘွဲ့ခံယူတော်မူကြမည့် သံဃာတော်များစာရင်းနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ (၂၅) နှစ်ပြည့်အထိမ်းအမှတ် ငွေရတုပူဇာ သဘင်ကျင်းပရေးကိစ္စရပ်တို့ကို ဆွေးနွေးဆုံးဖြတ်ကြကာ သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားတော်မူသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဟိုပုန်းမြို့နယ်၌ ဖွင့်လှစ်

ဟိုပုန်း စက်တင်ဘာ ၁၉

ဟိုပုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီက ဟိုပုန်းမြို့နယ်ခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပို့ချ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးနေဇော်က မဲရုံမှူးများ၏လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသန်းလှိုင်က ဒုတိယမဲရုံမှူးလုပ်ငန်း တာဝန်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးမောင်ဟန်က မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူနှင့် မဲရုံလုံခြုံရေး ဆောင်ရွက်သူများ၏ လုပ်ငန်းတာဝန်များကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ရီရီဝင်းက ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း ရှင်းလင်းပို့ချသည်။

ဆွေးနွေးမေးမြန်း

ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက ဆွေးနွေး မေးမြန်းသည်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ဖြေကြား၍ မဲရုံသရုပ်ပြခြင်း အစီအစဉ်ဖြင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စက်တင်ဘာ ၁၇ရက်မှ ၂၃ရက်အထိ မလေးရှားနိုင်ငံ Negerisembilan ၌ ကျင်းပမည့် International Youth Conference and Cultural Exchange Camp အစီအစဉ်သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းဝင် ဒေါ်ဝင်းအိခိုင် (Streamline Training-Learning Centre) စက်တင်ဘာ ၁၆ရက်က ထွက်ခွာရာ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အမှုဆောင် ဒေါ်ခင်သက်မော်နှင့် ဒေါ်ဇာဇာငွေးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၃) သူရ-၉၃မှ ကျောင်းဆင်းအရာရှိများ ကျောင်းဆင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဩဂုတ် ၂၅ရက်က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ISO (9001-2008) လက်မှတ်ချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

Asia General Electric Co., Ltd.အား ISO (9001-2008)လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန် မြောက်ပိုင်းခရိုင်

လှိုင်သာယာမြို့နယ် BOC အဝိုင်းအနီး ရွှေသံလွင် စက်မှုဇုန် အကွက် အမှတ်(၁)ရှိ Asia General Electric Co.,Ltd. ၏ စက်ရုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာAsia General Electric Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်မြတ်က အဖွင့်အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် Societe Generale de Surveillance (SGS) အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်တင်က ISO (9001-2008) လက်မှတ် ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Asia General Electric Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်မြတ်ထံ စီမံခန့်ခွဲမှု အရည်အသွေးကောင်းစနစ် (Quality Management System) အတွက် ISO (9001-2008)လက်မှတ်ကို လွှဲပြောင်းချီးမြှင့်သည်။ **(အောက်ပုံ)**

အဆိုပါ Asia General Electric Co.,Ltd.မှ Transformer များ၊ Panel များ၊ Switchgear များကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး Societe Generale de Surveillance (SGS)က Asia General Electric Co.,Ltd. အား စီမံခန့်ခွဲမှု အရည်အသွေးကောင်း စနစ် (Quality Management System) အတွက် ISO(9001 -2008) လက်မှတ်ကို ချီးမြှင့်ခြင်းဖြစ်သည်။

ပထမဦးဆုံးရရှိ

စီမံခန့်ခွဲမှု အရည်အသွေးကောင်းစနစ် (Quality Management System) အတွက် ISO (9001-2008)လက်မှတ်ကို မြန်မာနိုင်ငံရှိTransformer ထုတ်လုပ်သော ကုမ္ပဏီများအနက် Asia General Electric Co.,Ltd.က ပထမဦးဆုံးရရှိခြင်းဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၉

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၆)တွင် တရုတ်နှင့်ဂျပန်တွင် UMFCCI ရုံးခွဲများ ပထမဆုံးဖွင့်ရန်စီစဉ်နေ၊ ရခိုင်မှ လျှပ်စစ်ဓာတ်အား ဘင်္ဂလားဒေ့ရှ်က ဝယ်မည်၊ ဘုရင့်နောင် ကားအပိုပစ္စည်းဈေးမပြောင်းပါ၊ ဓာတ်ဆီ ဆက်ရောင်းပေးမည်၊ မြန်မာ့သစ်အချောထည်ဈေးကွက်ကျယ်ပြန့်လာရန်ရှိ၊ အဲပုဂံ ရန်ကုန်-ပုသိမ် ပျံသန်းမည်၊ ရန်ဖြစ်ရာမှ မြန်မာလုပ်သားတစ်ဦး မလေးရှားတွင်သေဆုံး၊ ကမ္ဘောဇဘဏ်ခွဲများ တိုးချဲ့ဖွင့်မည်၊ ရေထွက်ပစ္စည်းတင်ပို့မှု ခြောက်လအတွင်း ကန်ဒေါ်လာ ၂၄၆သန်းကျော်ရရှိ၊ FDI များလာတော့မည် ဘာတွေပြင်ထားရမလဲ၊ ယားနာ ယားနာ သတိထားပါ၊ စင်ကာပူတွင် အနုပညာဘာသာရပ်လေ့လာလိုက ပညာသင် ထောက်ပံ့ကြေးပေးမည်၊ လူထုရဲ့အတွင်းစိတ်ကို ငွေအများကြီး သုံးတာနဲ့တော့ မပြောင်းနိုင်ဘူးလို့ ယုံကြည်တယ် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာစောနိုင်နှင့် ဖလားဝါးနယူးစ် ဂျာနယ်တို့ တွေ့ဆုံခြင်း၊ သူတို့ဘယ်မှာ အရွေးခံကြမလဲ Political View၊ ဗုဒ္ဓ၏ အဆုံးအမတော်များ (ခ) ဆင်ခြင်ဉာဏ် ရှေ့ထား၊ မိတ်ဆွေစစ် မိတ်ဆွေမှန်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ သံသရာ၊ တရုတ်ခေတ်သစ်သူဌေးတို့အား လေ့လာခြင်းကဲ့သို့သော ဖတ်စရာ၊ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အလုပ်ဆိုတာ ဘဝရဲ့ပျော်ရွှင်ချမ်းမြေ့မှုနဲ့ အကျိုးအမြတ်ဖြစ်ထွန်းမှုအတွက်ဖြစ်တယ်၊ စင်ကာပူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူနှင့် The Straits Times သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ဈေးကစားသူနှင့် ကုန်လှောင်သူတို့ကြောင့် ကုန်ဈေးနှုန်းများကြီးမြင့်လာ၊ ချက်တင်ထိုင်ရင် သတိထား၊ ပြန်ပေးဆွဲခံခဲ့ရသော မိန်းကလေး သူမ၏ ချောက်ချားဖွယ်ရာနေ့များကို စာအုပ်ရေး၍ ပြန်လည်ဖွင့်ချ၊ မလေးရှား အလှကုန်ပိုင်ရှင် ထူးဆန်းစွာ ပျောက်ဆုံး၊ အမျိုးသမီးအတွင်းခံများ အလစ်သုတ်သည့် ရမ္မက်ကြီးသောသူခိုး ဒဏ်ငွေဒေါ်လာ ၅၀၀ ဆောင်ရ၊ အိန္ဒိယတွင် ပဲနီလေးက ဓာတ်ဆီထက် ဈေးပိုကြီး၊ ဒေါ်လာနှစ်သောင်း စကောလားရှစ်ရရှိမည့် ဘလော့ဂ်ပြိုင်ပွဲ ကျင်းပမည်၊ စိတ်ဓာတ်ကျဆင်းမှုနှင့် သေကြောင်းကြံစည်မှုတို့ကြောင့် ဂျပန်အစိုးရ ကုန်ကျစရိတ်မြင့်တက် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လှိုင်ဈေးလမ်းနှင့် သာယာအေးလမ်းဆုံ အုတ်ခုံခံကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၂ရက်က အင်ဂျင်နီယာမှူး ဦးတင်ကိုကို ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကြူကြူစန်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့် ထုတ်လုပ်ထားသည့် ကျင်းထုံခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်း မပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေး ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ ပြည်ပမှတင်သွင်းသော ကျင်းထုံခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင် တင်ပြထားခြင်းမရှိသော Meperfluthrin အမျိုးအစား ဓာတုပစ္စည်းများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံအပြာရောင်ဘူးတွင် ၀ ဒသမ ၀၆၄၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် ၀ ဒသမ ၁၁၅၉ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် ၀ ဒသမ ၁၁၂၉ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့်ပမာဏ ၀ ဒသမ ၀၄ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေပါသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေတင်သွင်း ရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှု စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ပမှတင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက သိမ်းဆည်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေး ကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

❍ *ရှေ့ဖုံးမှ*

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် အိုးစည်ဒိုးပတ်အဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့အခမ်းအနားမှာ ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ခြမ်းတွင် ကလေး-ပခုက္ကူ-ကြံခင်း-ဟင်္သာတ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) အထိ ဧရာဝတီမြစ်နှင့်အပြိုင်ဖောက်လုပ်သွားမည့် မီးရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းလှ-မင်းဘူး မီးရထားလမ်းအပိုင်း ဖွင့်ပွဲအခမ်းအနားပင်ဖြစ်ကြောင်း။

ဤရထားလမ်းပိုင်းသည် အရှည် ၂၅ဒသမ ၄၀မိုင်ရှိပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများတွင်ရှိနေသည့် ဒေသခံပြည်သူများ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် ရည်ရွယ်ဖောက်လုပ်ပေးခဲ့သည့် ရထားလမ်းလည်း ပေါင်း ၈၉၃ဘူတာရှိနေပြီဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရက ဖောက်လုပ်နေဆဲ မီးရထားလမ်းများမှာ-

(က) ပခုက္ကူ-ကြံခင်းလမ်း
(ခ) မင်းဘူး-အမ်း-စစ်တွေလမ်း
(ဂ) ကသာ-ဗန်းမော်လမ်း
(ဃ) ပျော်ဘွယ်-နတ်မောက်-မကွေးလမ်း
(င) မိုးနဲ-ကျိုင်းတုံလမ်း
(စ) ထားဝယ်-မြိတ်လမ်း
(ဆ) ပုသိမ်-ဘဲဂရက်-လှိုင်သာယာလမ်း
(ဇ) ဟင်္သာတ- ညောင်တုန်းလမ်း
(ဈ) ပြည်-တောင်ငူလမ်း
(ည) နေပြည်တော်-တပ်ကုန်း-ပင်လောင်းလမ်း
(ဋ) မြစ်ကြီးနား-ဗန်းမော်-သီပေါ-နမ့်ဆန်လမ်း
(ဌ) ကလေး-ကလေးဝ-ယာကြီး-မုံရွာလမ်း
(ဍ) တောင်ငူ-ယာဒို-လွိုင်ကော်လမ်း

စသည်ဖြင့် မီးရထားလမ်း ၁၃လမ်းကို တစ်ပြိုင်တည်းဖောက်လုပ်နေခြင်းဖြစ်ကြောင်း။

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဖြစ်ကြောင်း၊ မြန်မြန်ပြီးသရွေ့ မြန်မြန်ဖွင့်လှစ်ပေးနိုင်လျှင် ဒေသခံပြည်သူများ မြန်မြန်အကျိုးထူးခံစားနိုင်ကြမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သည့်စေတနာဖြင့် ယခုကဲ့သို့ ဖောက်လုပ်ဆဲ မီးရထားလမ်း၊ မော်တော်ကားလမ်းများကို ပြီးစီးသရွေ့ အပိုင်းလိုက် ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ မင်းလှနှင့်မင်းဘူးအကြား ဖောက်လုပ်ပြီးစီးသည့် ရထားလမ်းအပိုင်းကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည့်အတွက် မင်းလှမြို့နယ်နှင့် မင်းဘူးမြို့နယ်အကြား သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့လာမည်ဖြစ်သည့်အပြင် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှုများမှာလည်း ကုန်ကျစရိတ် သက်သက်သာသာဖြင့် ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်ကြောင်း၊ ကြံခင်း-ပခုက္ကူ ရထားလမ်းကြီးကို အပိုင်းလိုက်ဖောက်လုပ်နေပြီဖြစ်ရာ ပုသိမ်-ကြံခင်းမှ မင်းဘူးအထိ တစ်ဆက်တစ်စပ်တည်း ရထားဖြင့်သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်သည့်ဒေသများသည် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေး၊ နောက်ကျကျန်နေသည့်အတွက် ယခုအခါ တစ်နိုင်ငံလုံး အရှေ့-အနောက်-တောင်-မြောက် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် မော်တော်ကားလမ်းကွန်ရက်များနှင့် မီးရထားလမ်းကွန်ရက်များကို တစ်နိုင်ငံလုံးအနှံ့ ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း။

ဖောက်လုပ်ပေး

မီးရထားဖြင့် ခရီးသွားလာခြင်းသည် စရိတ်စက သက်သာစေရုံသာမက ခရီးသည်များများ၊ ကုန်စည်များများ သယ်ယူနိုင်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခုအခါတွင် နယ်မြေဒေသအနှံ့ လွှမ်းခြုံပြီး ဆက်သွယ်သွားလာနိုင်သည့် မီးရထားလမ်းများကို အရှိန်အဟုန်ဖြင့် ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက မီးရထားလမ်းအရှည် မိုင်ပေါင်း ၁၉၀၀ကျော်သာရှိခဲ့ရာမှ ယနေ့ဖွင့်လှစ်လိုက်သည့် ရထားလမ်းပိုင်းအပါအဝင် ရထားလမ်းအရှည် မိုင်ပေါင်း ၁၅၀၀ကျော် ထပ်မံတိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ရထားလမ်းအရှည် မိုင်ပေါင်း ၃၀၀၀ကျော်ရှိနေပြီဖြစ်ကြောင်း၊ ယခင်က ဘူတာရုံပေါင်း ၄၈၇ဘူတာရှိခဲ့ရာမှ ယခုဆိုလျှင် ဘူတာပေါင်း ၄၀၆ဘူတာ ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့သည့်အတွက် ဘူတာရုံ

အလွယ်တကူဆက်သွယ်နိုင်

တချို့မီးရထားလမ်းများကိုလည်း ဖောက်လုပ်ပြီးစီးသရွေ့ အပိုင်းလိုက် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဤမီးရထားလမ်းများအားလုံးဖောက်လုပ်ပြီးစီးသွားပြီဆိုလျှင် မြန်မာနိုင်ငံတွင် အရှေ့-အနောက်-တောင်-မြောက် အလွယ်တကူ သွားလာဆက်သွယ်နိုင်သည့် အမျိုးသား မီးရထားလမ်းကွန်ရက်ကြီး ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း။

ရာသီမရွေးသွားလာနေ

လမ်းပန်းဆက်သွယ်မှု ဟန်ချက်ညီ တိုးတက်ကောင်းမွန်ရေးအတွက် မီးရထားလမ်းများသာမက မော်တော်ကားလမ်းကွန်ရက်များကိုလည်း ဖောက်လုပ်လျက်ရှိရာတွင် ယခုအခါ မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမြို့မှ တောင်ဖျားရှိ ကော့သောင်းမြို့အထိလည်းကောင်း၊ မြန်မာနိုင်ငံအရှေ့ဖျား မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့များမှ အနောက်ဖျား စစ်တွေအထိလည်းကောင်း၊ အထက်-အောက်-ဝဲယာ တစ်နိုင်ငံလုံးအနှံ့ မော်တော်ကားဖြင့် ရာသီမရွေး သွားလာနိုင်နေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် ကုန်သွယ်စီးပွားရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ အထောက်အကူပြုလျက်ရှိပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ကူးလူးဆက်သွယ်သွားလာ ဆက်ဆံနိုင်သည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုပါ အထောက်အကူပြုလျက်ရှိသည့် အခြေခံအဆောက်အအုံများလည်း ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ခဲ့သကဲ့သို့ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုကြီး တစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဦးတည်ချက် (၁၂)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်အောင် မမိုတ်မသုန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်မှုအပါအဝင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး တောင်ပေါ်မြေပြန့်မကျန် ဘက်စုံ ကဏ္ဍစုံတွင် တည်ဆောက်ပြုပြင်နိုင်ခဲ့သည့်အတွက် ယနေ့ နိုင်ငံတော်၏အခြေအနေသည် ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်း

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အရှိန်အဟုန် ရရှိနေပြီဖြစ်သည့် အခြေခံကောင်းများကို တန်ဖိုးရှိရှိ အသုံးချ လူမှုစီးပွားဘဝ တိုးတက်သည်ထက်တိုးတက်အောင် လူတိုင်းလူတိုင်း အလုပ်ကို ကြိုးကြိုးစားစားလုပ်ကိုင်

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ပေါ်ကို ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ အရှိန်အဟုန်ရရှိနေပြီဖြစ်သည့် ဤအခြေခံကောင်းများကို တန်ဖိုးရှိရှိအသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်သည်ထက် တိုးတက်အောင် လူတိုင်းလူတိုင်း ကိုယ်စီကိုယ်င အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဤအခြေခံကောင်းများသည် ယနေ့ နိုင်ငံသူ၊ နိုင်ငံသားများအတွက် သာမက နောင်အနာဂတ် မျိုးဆက်သစ်များအတွက်လည်း အမွေခံကောင်းများ ဖြစ်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြရန်လည်း မိမိတို့

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်းကို ထပ်လောင်း၍ ပြောကြားလိုကြောင်း၊ မိမိတို့လက်ထက်တွင် ယခုကဲ့သို့ အခြေခံအဆောက်အအုံများကို တည်ဆောက်နေသကဲ့သို့ နောင်လာနောက်သားများ လက်ထက်တွင်လည်း အရှိန်အဟုန်မပြတ် ဆက်လက်တည်ဆောက်သွားမည်ဆိုလျှင် သဘာဝသယံဇာတ ပေါများကြွယ်ဝသည့် မိမိတို့တိုင်းပြည်သည် အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရုံသာမက သာလွန်၍ပင် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း။

ယင်းသို့ ပေါများကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး စက်မှုနိုင်ငံထူထောင်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဆင့်ကို ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အခြေအနေကောင်းများ ရရှိထားပြီးဖြစ်သည့် စိုက်ပျိုးရေးကို စားဝတ်နေရေးပြည့်စုံဖူလုံရန် အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရင်း စက်မှုနိုင်ငံထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြည့်စုံခြင်းသည် စက်မှုနိုင်ငံထူထောင်ရာတွင် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ တစ်နိုင်ငံလုံး အရှေ့၊ အနောက်၊ တောင်၊ မြောက် သွားလာနိုင်သည့်ကားလမ်း၊ ရထားလမ်း ကွန်ရက်များကို ငွေကုန်ကြေးကျများစွာ ကျခံသုံးစွဲပြီး ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ပြည်သူတွေကပင် အလိုလားဆုံး၊ အတောင့်တဆုံး ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံသားအားလုံး နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်း တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ကျရာကဏ္ဍကနေပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း ပြောကြားလိုကြောင်း။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် ပြည်သူလူထု ထောက်ခံအတည်ပြုပေးထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ နိုဝင်ဘာလ (၇)ရက်နေ့တွင် ကျင်းပပြုလုပ်တော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံသားအားလုံးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ရန် ပြည်သူ့ဆန္ဒနှင့်ဆန့်ကျင်သည့် အဖျက်အမှောင့် လုပ်ရပ်မှန်သမျှကို ဆန့်ကျင်တိုက်ဖျက်သွားကြပါရန်နှင့် အနာဂတ်နိုင်ငံတော်အတွက် လူကောင်း လူတော်များ၊ တိုင်းချစ် ပြည်ချစ်စိတ် ထက်သန်သူများ၊ ပြည်ထောင်စုကြီး မပြိုကွဲ မပျက်စီးရအောင် ကာကွယ်စောင့်ရှောက်လိုသူများအား မှန်ကန်သည့်အသိဉာဏ်နှင့် စဉ်းစားဆုံးဖြတ်ရွေးချယ်နိုင်ကြပါစေရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

တည်တံ့ခိုင်မြဲရေး

ထို့နောက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ၂၅ဒသမ ၄၀မိုင်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ဒေသခံပြည်သူများကလည်း ဤရထားလမ်း အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ရထား စတင်ပြေးဆွဲ

မင်းလှ-မင်းဘူး ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက မင်းလှ-မင်းဘူးရထားလမ်းပိုင်းဖောက်လုပ်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ ယခုဖွင့်လှစ်သည့် မင်းလှ-မင်းဘူး ရထားလမ်းပိုင်းကို ၂၀၀၇ခုနှစ်ဧပြီ ၁ရက်တွင် စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကံ့ခင်း-ပခုက္ကူ ရထားလမ်းမကြီးအား အပိုင်းလိုက် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ရာ ယခုအခါ ပုသိမ်-ကံ့ခင်းမှ မင်းဘူးအထိ ရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်ကြောင်း၊ ဆက်လက်၍ ပခုက္ကူအထိ တစ်ဆက်တည်းသွားလာနိုင်ရေးအတွက် ကျန်ရှိသောရထားလမ်းပိုင်းများကိုလည်း အမြန်ဆုံးဖောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို အခြေခံ၍ အမျိုးသား မီးရထားလမ်းကွန်ရက် (National Railway Network) ကြီး ဖြစ်ပေါ်လာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသကဲ့သို့ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးဖြစ်သူ မင်းဘူးမြို့မှ ဦးမောင်မောင်အေးက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး မင်းဘူးဘူတာယာဒ်ဝင်းရှိ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြသည်။

ထို့နောက် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က မင်းလှ-မင်းဘူး ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဖွင့်ပွဲအထိမ်းအမှတ်မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် တိုင်းဒေသကြီးဥက္ကဋ္ဌတို့က မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲပေးမည့် အထူးရထားကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြပြီး အထူးရထားဖြင့်လိုက်ပါမည့် ဒေသခံပြည်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ဝန်ကြီး ဦးစိုးသိန်း၊ ဝန်ကြီး ဦးစိုးနိုင်၊ ဝန်ကြီး ဦးဇော်မင်း၊ ဝန်ကြီး ဦးသိန်းဇော်၊ ဝန်ကြီး ဦးအောင်မင်းနှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့ မင်းလှ-မင်းဘူးရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မင်းလှ-မင်းဘူး ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းပိုင်း ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများနှင့် ဆင်လမ်းကြီးဘူတာမှ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယခု ဖွင့်လှစ်လိုက်သည့် မင်းလှ-မင်းဘူး ရထားလမ်းပိုင်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က စီမံဖောက်လုပ်ပေးလျက်ရှိသည့် ကံ့ခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတွင်ပါဝင်ပြီး ရထားလမ်း အရှည် ၂၅ ဒသမ ၄၀မိုင် ရှိသည်။

တည်ဆောက်ထား

ရထားလမ်းပိုင်းတွင် ဘူတာငါးဘူတာပါဝင်ပြီး ပေ ၁၈၀အထက် တံတားကြီးနှစ်စင်းအပါအဝင် တံတား ၅၃စင်း တည်ဆောက်ထားသည်။ ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၁၉ရက်မှ ၂၁ရက်အထိ သုံးရက်တိုင် အခမဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် မင်းဘူးမြို့၌ အရှည် ၂၅၇မိုင်ရှိ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် ကွန်ကရစ်ဇလီဖားစက်ရုံ (မင်းဘူး)တို့ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆေးပညာသတင်းဆန်းများ (၉)

ဒေါက်တာကံညွန့်

နေ့စဉ်နှစ်ကြိမ် ပလုတ်ကျင်း၊ သွားတိုက်ပေးပါ

နေ့စဉ်နှစ်ကြိမ် မှန်မှန်ပလုတ်ကျင်းပေးခြင်း၊ သွားတိုက်ပေးခြင်းဟာ သွားနှင့် သွားဖုံးရောဂါတွေကိုသာ ကာကွယ်ပေးခြင်းမဟုတ်ဘဲ ကိုယ်ခန္ဓာရှိ တခြားရောဂါများကိုလည်း ထိရောက်စွာ ကာကွယ်ပေးနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်သတင်းကို ပထမဦးစွာ တင်ပြလိုပါတယ်။

ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ State University of New York နှင့် Australlia နိုင်ငံ မဲလ်ဘုန်းတက္ကသိုလ် သွားကောလိပ်မှ ဆေးသိပ္ပံပညာရှင်တို့က ဖော်ထုတ်လိုက်တာဖြစ်ပါတယ်။

သွားရောဂါနှင့် သွားဖုံးရောင်ရောဂါများဟာ သွားနှင့် ခံတွင်းကိုသာ ဒုက္ခဖြစ်စေတာမဟုတ်ဘဲ ခန္ဓာကိုယ်တစ်ခုလုံးမှာဖြစ်နိုင်တဲ့ Rheumatoid Arthritis လို့ခေါ်တဲ့ အဆစ်အမြစ်ရောင်ရောဂါ၊ နှလုံးရောဂါ၊ ဦးနှောက်ရောဂါဖြစ်တဲ့ အမေ့လွန်ရောဂါ (Dementia)နှင့် လည်ပင်းနှင့် ဦးနှောက်မှာဖြစ်တဲ့ ကင်ဆာရောဂါများအထိ ဖြစ်ပေါ်နိုင်ကြောင်း လေ့လာတွေ့ရှိထားပါတယ်။

သွားဖုံးရောင်ရောဂါဟာ သာမန်အားဖြင့် ဒုက္ခမပေးနိုင်ဘူးလို့ ထင်ရပေမယ့် ခံတွင်းနှင့် ပါးစပ်ရဲ့ Muscosa Lining တွေကို ရောင်ရမ်းမှုဖြစ်ပေါ်စေပြီး ၄င်းရောင်ရမ်းမှုကနေ မျိုးရိုးဗီဇပြောင်းလဲမှု Genetic Changes တွေဖြစ်ပေါ်လာနိုင်ပြီး ကင်ဆာဖြစ်စေနိုင်တယ်လို့ တင်ပြထားကြပါတယ်။

ဒါကြောင့် ငယ်စဉ်ကပင် နေ့စဉ်နှစ်ကြိမ် မှန်မှန် ပလုတ်ကျင်းပြီး သွားကြားမှာရှိတဲ့ အစာတွေကို ဖယ်ထုတ်ရှင်းလင်းဖို့ တစ်နေ့နှစ်ကြိမ် တစ်ခါကို နှစ်မိနစ်ခန့် မှန်မှန်သွားတိုက်ပေးခြင်းဖြင့် သွားနှင့်ခံတွင်း ရောဂါတွေကိုသာမက ခန္ဓာကိုယ်တွင်းရောဂါတွေကိုပါ ကာကွယ်နိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

အမျိုးသမီးများ သတိပြုစရာ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သွေးဆုံးချိန် အမျိုးသမီးများအတွက် သတိထားရမယ့် လေ့လာတွေ့ရှိချက်သတင်းများပဲ ဖြစ်ပါတယ်။ အမျိုးသမီးများ သွေးဆုံးခါနီး တစ်နှစ်ဝန်းကျင်လောက်မှာ သွေးထဲက Cholestrol ဓာတ်ဟာ မြင့်တက်လာတတ်ကြောင်း၊ အထူးသဖြင့် မြင့်တက်လာတဲ့ Cholestrol အမျိုးအစားဟာ လူတွေကို ဒုက္ခပေးလို့ Bad Cholestrol လို့ခေါ်တဲ့ Low Density Lipoprotein (LDL) အမျိုးအစားဖြစ်တာကြောင့် သတိထားဖို့လိုကြောင်း တွေ့ရှိချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ University of Pittsburgh က ပါမောက္ခ Dr.Karen Methews ခေါင်းဆောင်တဲ့ ဆေးသိပ္ပံသုတေသီတစ်စုက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၄င်းတို့အဆိုအရ သွေးဆုံးချိန်ပတ်ဝန်းကျင် နှစ်နှစ်ကာလအတွင်း ၄င်း LDL ဟာ သွေးထဲမှာ ၁၀ရာခိုင်နှုန်းခန့် တိုးလာနိုင်ကြောင်း၊ ဒါဟာ နှလုံးရောဂါဖြစ်ဖို့ ဦးတည်နေကြောင်းနှင့် ဒီအချိန်မှာ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်း၊ ဆေးလိပ်၊ အရက်တို့ ဖြတ်ခြင်း၊ သင့်တော်တဲ့ အစားအသောက်ပုံစံကို ပြောင်းလဲစားသောက်ခြင်းဖြင့် ကာကွယ်နိုင်ကြောင်း တင်ပြထားပါတယ်။

အမျိုးသမီးတွေ ဟိုမုန်းအစားထိုးကုသနည်းရဲ့ ဂယက်

နောက်သတင်းတစ်ပုဒ်ကတော့ ယခင်က သွေးဆုံးပြီး အမျိုးသမီးတွေမှာ အသုံးပြုခဲ့ကြတဲ့ ဟိုမုန်းအစားထိုးကုသနည်း Hormone Replacement Therapy (HRT) ကုထုံးဟာ ၂၀၀၂ခုနှစ်က တွေ့ရှိချက်တစ်ခုကြောင့် အတော်လေးဂယက်ရိုက်ခဲ့ပြီး ၄င်းကုထုံးကို အသုံးပြုနေသူ အမျိုးသမီး သုံးပုံနှစ်ပုံခန့်ဟာ ၄င်းဆေးများကို သုံးစွဲခြင်းက ရပ်တန့်ခဲ့ကြပါတယ်။

ယင်းတွေ့ရှိချက်ကတော့ ယင်းကုထုံးကို အသုံးပြုနေသူ အမျိုးသမီးတချို့မှာ သွေးတိုး၊ နှလုံးနှင့် လေဖြတ်ခြင်း၊ ကင်ဆာရောဂါ ဖြစ်စေခြင်းကြောင့်ဟု သိခဲ့ရပါတယ်။

ဒါပေမယ့် Australlia နိုင်ငံ Royal Ade Laide တက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင်တစ်စုကတော့ အဆိုပါတွေ့ရှိချက်ကို မပြောပကြောင်း၊ စောစောသွေးဆုံးတတ်တဲ့ အမျိုးသမီး (ဥပမာ-အသက်၄၅ နှစ် ၅၀) များမှာ ယင်း HRT ကုထုံးဟာ မဖြစ်မနေလိုအပ်ကြောင်းနှင့် အသက် (၆၀)အရွယ်ထိ လုံးဝအသုံးပြုသင့်ကြောင်း၊ ယင်းအရွယ် ကျော်လွန်ပါက HRT ကုထုံးကို လျှော့ပေါ့ပြီး Osteoprosis ကိုကာကွယ်ရန် Calcium နှင့် Vitamin D တို့ကို ပူးတွဲစားသုံးသင့်ကြောင်း၊ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ရန်လည်း လိုအပ်ကြောင်း ၄င်းတို့၏တွေ့ရှိချက်ကို ဖော်ပြထားပါတယ်။ အမျိုးသမီးများအတွက် ငယ်စဉ်ကပင် တစ်ပတ်မှာ အနည်းဆုံး မိနစ် ၁၈၀ခန့် ကိုယ်လက်လေ့ကျင့်ခန်းမှန်မှန်လုပ်ပေးခြင်းဟာ Bone Density လျော့ကျလာမှုကို ကာကွယ်နိုင်ပြီး အသက်ကြီးတဲ့အခါ Osteoporosis ဖြစ်တာကနေပြီး အထူးကာကွယ်နိုင်ကြောင်းလည်း လေ့လာချက်တစ်ခုမှာ တင်ပြထားပါတယ်။ ဒါကြောင့် သွေးစောစောဆုံးသူ အမျိုးသမီးများအတွက် HRT ကုထုံးဟာ အထူးလိုအပ်ကြောင်း တင်ပြလိုက်ရပါတယ်။

အဆုတ်ကင်ဆာ ကာကွယ်ဆေးတစ်မျိုးတွေ့ရှိ

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆေးလိပ်ဖြတ်ထားသူတွေမှာ အဆုတ်ကင်ဆာက ကာကွယ်နိုင်တဲ့ ဆေးတစ်မျိုးကို တွေ့ရှိထားပြီဆိုတဲ့ သတင်းပါပဲ။ ဒီသတင်းကို အမေရိကန် အဆုတ်နှင့် ရင်ခေါင်းရောဂါဆိုင်ရာ အသင်းကြီးက New Orleans ပြည်နယ်မှာပြုလုပ်ခဲ့တဲ့ အစည်းအဝေးကြီးမှာ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီဆေးဟာ Iloprost ခေါ်တဲ့ စားဆေးဖြစ်ပြီး ဒီဆေးဟာ Prostaglandin ဆေးအုပ်စုမှာပါဝင်ပြီး ဒီဆေးကို နဂိုက အဆုတ်ရောင်ရောဂါ၊ Pulmonay Hypertension လို့ခေါ်တဲ့ အဆုတ်မှာ သွေးစုမ္မန်းကျပ်တဲ့ရောဂါ၊ Scleroderma ခေါ်တဲ့ အရေပြားရောင်ရောဂါ၊ အာရုံကြောရောင်ရောဂါဖြစ်တဲ့ Raynand's ရောဂါတို့မှာ အသုံးပြုခဲ့ကြတာဖြစ်ပါတယ်။ ဒီဆေးဟာ နဂိုက ရှူဆေး (Inhalent) အဖြစ်ရှိနေပြီး ယခုစားဆေးအသွင်ဖြင့် ဆေးလိပ်ဖြတ်ထားသူတွေမှာ၊ တချို့ ဆေးလိပ်သောက်ဆဲလူတွေမှာပါ အဆုတ်ကင်ဆာရောဂါက ကာကွယ်နိုင်တယ်ဆိုတာ အဆုတ်ကင်ဆာတိုက်ဖျက်ကုသရေးအတွက် အမျိုးမျိုး သုတေသနပြု လေ့လာနေတဲ့ Dr. Robert Keith ဦးဆောင်တဲ့ Veterans Affairs Medical Centre မှ သုတေသီတစ်စုက တွေ့ရှိခဲ့တာဖြစ်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ အိမ်ထောင်ပြုကြပြီး ကလေးမရနိုင်ဖြစ်နေသူများအတွက် သတင်းကောင်းတစ်ပုဒ်ပါ။ ဇရာကိုတားဖို့ ကြိုးစားရာမှာ ကုထုံးတစ်ခုအဖြစ် ပါဝင်နေတဲ့ DHEA (Dehydroepiandrosterone) ဆိုတဲ့ဆေးဟာ ကလေးမရနိုင်ဖြစ်နေတဲ့ အမျိုးသမီးတွေမှာ နေ့စဉ် ပုံမှန် (75 mg) ခန့် စားသုံးပေးခြင်းဖြင့် ကလေးရနိုင်ခြေ သုံးဆခန့်ပိုလာနိုင်တယ်လို့ သိရပါတယ်။ ဒီတွေ့ရှိချက်ကို Israel နိုင်ငံ Tel Aviv တက္ကသိုလ် Meir Medical Centre မှ သုတေသီတစ်စုက တွေ့ရှိခဲ့တာဖြစ်ပါတယ်။

၄င်းတို့က ကိုယ်ဝန်ဆောင်ရန် နဂိုစားရိုးစားစဉ် ဆေးများအပြင် အဆိုပါ DHEA 75 mg ကို ကျွေးသောအုပ်စုနှင့် မကျွေးသောအုပ်စု နှစ်စုကို ယှဉ်ပြီး စမ်းသပ်မှုပြုလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒါကြောင့် ကိုယ်ဝန်ဆောင်လိုသူ အမျိုးသမီးနှင့် ခင်ပွန်းများ ကိုယ်ဝန်ရရှိနိုင်အောင် ရောဂါဘယကင်းရှင်းပြီး ကျန်းမာအောင်နေထိုင်ဖို့၊ အာဟာရပြည့်ဝအောင်စားဖို့၊ စိတ်ဖိစီးမှုနည်းနိုင်သမျှနည်းအောင် နေထိုင်ဖို့၊ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးတွေကို မမှီဝဲဖို့၊ ခဲဆိပ်၊ ပိုးသတ်ဆေး၊ ဓာတ်ရောင်ခြည်တွေရဲ့ရန်ကို ကာကွယ်ဖို့နဲ့ အနေအထိုင်မှာလည်း ဂျင်းဘောင်ဘီ ကျပ်ကျပ်ဝတ်တာ၊ ရေပူစိမ်တာ၊ နေ့စဉ် စက်ဘီး များများစီးတာကအစ မပြုလုပ်ကြဖို့၊ မုတ္တရောဂါ၊ ကပ်ပယ်အိတ်ရောင်ရောဂါ၊ ဆီးပူညောင်းကျရောဂါ၊ ကာလသားရောဂါတို့ရှိရင်လည်း မြန်မြန်ပျောက်ကင်းအောင် ကုသကြဖို့၊ ယခု DHEA ဆေးကိုလည်း တစ်နေ့ 75mg ယောကျ်ားရော မိန်းမပါ စားသုံးကြည့်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

Vitamin E ဆိုတာ အစွမ်းထက်ဆေးတစ်လက်

နောက်ဆုံးသတင်းတစ်ပုဒ်ကတော့ ခုနက ကိုယ်ဝန်ဆောင်ချင်သူ အမျိုးသမီးများကို သားဖွားနှင့် မီးယပ်ဆရာဝန်ကြီးတွေက ပေးလေ့ပေးထရှိတဲ့ Vitamin E က အဝလွန်သူတွေမှာဖြစ်တဲ့ အသည်းရောင် ရောဂါတစ်မျိုး (Steatohepatitis) ရောဂါကို ကုသရာမှာ အထူးအစွမ်းထက်တဲ့ ဆေးဖြစ်တယ်ဆိုတဲ့ တွေ့ရှိချက်ပါပဲ။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ် နယူးယောက်မြို့ Morgan Stanley ကလေးဆေးရုံမှ ဆရာကြီးတွေက ၁၉၉၀ပြည့်နှစ်ကပင် စတင်လေ့လာခဲ့ပြီး တွေ့ရှိခဲ့ကြတာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ နဂို ယင်းအသည်းရောင်ရောဂါအတွက် ပေးတဲ့ဆေးများအပြင် Vitamin E ကိုပါ ထည့်သွင်းကုသပေးခြင်းကြောင့် အသည်းရောင်ရောဂါမှတစ်ဆင့် ဖြစ်ပေါ်လာမယ့် အသည်းကြွပ်ရောဂါ (Cirrhosis Liver) နှင့် အသည်းကင်ဆာရောဂါတို့ကို ကာကွယ်ပေးနိုင်ခဲ့တယ်ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

20-9 (10).pmd 1 9/20/2010, 3:13 AM

ခရိုင်ချင်းဆက်လမ်း အမှတ်(၃) လမ်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် စက်တင်ဘာ ၁၄ရက်က ခရိုင်ချင်းဆက်လမ်း အမှတ်(၃) စစ်ကိုင်းမြို့ ကောင်းမှုတော်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်က ရှိမ္မကားအထိ ပထမအဆင့် ၂၆ မိုင် ၃ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေး၍ **(ဓာတ်ပုံ)** မိုင်တိုင်အမှတ် (၁၅/ ၄)နှင့် (၁၆/၀)အတွင်း ကျောက်ရိုးစီ သစ်သားတံတားများ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပေါက်ကန်-နဘဲပင်လှ ကျေးလက်မြေသားလမ်း ၇မိုင် ၃ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာလိုင်း-ရုံးသာ ဘူတာနှင့် ဝက်လက်မြို့သို့ ဆက်သွယ်ထားသည့် မြေသားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် လမ်းကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

အလှူရှင်စက်ရေတွင်း

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းတွင် ဆိုးခြုံရွာမသို့ရောက်ရှိပြီး အလှူရှင်စက်ရေတွင်း တူးဖော်ထားရှိမှုနှင့် ကျေးလက်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရန် စိုင်နိုင်-မုဆိုးခြုံ-ဟံလင်းကျေးလက်လမ်း ၁၀/၂ မိုင်နှင့် မုဆိုးခြုံဘူတာ-ယင်းမာကန်ကျေးလက်လမ်း ၁/၂မိုင်၏ လက်ရှိအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်ရာအခမ်းအနားပစ္စည်းအရောင်းပြခန်း JUNCTION MAW TIN CENTRE တွင် ဖွင့်လှစ်ရောင်းချ



ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်ရှိ JUNCTION MAW TIN CENTRE ကို စက်တင်ဘာ ၁၈ရက်မှ စတင်၍ ဖွင့်လှစ်လိုက်ပြီဖြစ်ရာ JUNCTION MAW TIN CENTRE ၏ မြေညီထပ် အခန်းအမှတ် ၁၁၇တွင် AUSSINO အရောင်းပြခန်းကို ဖွင့်လှစ်ထားပြီး **(အပေါ်ပုံ)** Nat Ray Co.,Ltd. က တင်သွင်းဖြန့်ချိသည့် AUSSINO အမှတ်တံဆိပ် နောက်ဆုံးပေါ်အိမ်ရာ အခမ်းအနားပစ္စည်းများကို ဖက်ရှင်ဒီဇိုင်းများဖြင့် အလှဆင်လိုသူများအတွက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ၁၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ ပစ္စည်းအမျိုးအစားအလိုက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ အရောင်းမြှင့်တင်ရေးကာလမှာ စက်တင်ဘာ ၃၀ရက်အထိ ဖြစ်သည်။

အထူးလျှော့ဈေး

OSIm Healthy Lifestyle Products (ကျန်းမာရေးအထောက်အကူပြုပစ္စည်း) ပြခန်းကို Junction Maw Tin Centre ၏ တတိယထပ် အခန်းအမှတ် ၃၀၇တွင် ဖွင့်လှစ်ထားသည်။ Nat Ray Co.,Ltd. ကတင်သွင်းသည့် OSIm အမှတ်တံဆိပ် Massage Chair (အသိဉာဏ်ရှိ အကြောဖြေထိုင်ခုံ)၊ Foot Massagers (ခြေထောက်နှိပ်စက်များ)၊ နောက်ဆုံးပေါ် Slimming Belt (အဆီချခါးပတ်)အစရှိသည့် ခေတ်မီလူနေမှုဘဝအတွက် နောက်ဆုံးပေါ်ပစ္စည်းများကို မြန်မာနိုင်ငံအတွက် တင်သွင်းဖြန့်ချိလျက်ရှိသည်။ စင်တာဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ၁၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် စက်တင်ဘာ ၃၀ရက်အထိ ရောင်းချပေးမည်ဖြစ်သည်။ ဆက်သွယ်ရန်ဖုန်း-၂၁၈၁၅၂ မှ ၂၁၈၁၅၆အထိ လိုင်းခွဲ ၁၃၀၇ ဖြစ်သည်။

ဝယ်ယူရရှိနိုင်

AUSSINO အမှတ်တံဆိပ် နောက်ဆုံးပေါ် အိပ်ရာအခမ်းအနားပစ္စည်းများနှင့် Dunlopillo အမှတ်တံဆိပ်မွေ့ရာများကို CASABELLA အရောင်းပြခန်း အမှတ် ၂၂ ပြည်လမ်း ၉မိုင် ရန်ကုန်မြို့နှင့် ဒဂုံမြို့နယ် လပြည့်ဝန်းပလာဇာ သုံးလွှာတို့တွင်လည်းကောင်း၊ OSIm အမှတ်တံဆိပ် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်နှင့် ဂရင်းမီးရထားဟိုတယ်တို့တွင်လည်းကောင်း ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်း သရုပ်ပြခြင်း၊ ရှင်းလင်းခြင်း၊ လက်တွေ့လေ့ကျင့်ခြင်းတို့ကို စက်တင်ဘာ ၁၅ရက်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွန့်၊ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အောင်မြင့်ရေးတဲ့ အောင်မြင်ရေးစာအုပ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၉

ဒေါက်တာအောင်မြင့်(ဆေးမန်း)၏ အောင်မြင့်ရေးတဲ့ အောင်မြင်ရေးစာအုပ် ထွက်ရှိလာသည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် လူ့ဘဝတိုးတက်ကြီးပွားအောင်မြင်ရန်၊ အောင်မြင်သောဘဝများကို ရရှိပိုင်ဆိုင်နိုင်ရန်အတွက် လုပ်ဆောင်ရမည့်အချက်အလက်များကို စိတ်ဝင်စားဖွယ် အဖြစ်အပျက်များနှင့် ဆွဲဆောင်ရေးသားထားသည်။ စာအုပ်တွင် ပါဝင်သော အကြောင်းအရာများသည် ရွှေမန္တလေး သတင်းဂျာနယ်တွင် လစဉ်ဖော်ပြပေးခဲ့သော ဆောင်းပါးများဖြစ်ပြီး အောင်မြင်လိုသူများအတွက် လိုက်နာရမည့် အချက်များ၊ မှတ်သားဖွယ်ရာများ၊ ဥပဒေများ၊ ကဗျာလင်္ကာများ၊ လေ့ကျင့်ခန်းများကို စာဖတ်သူများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားထားသည်။

အောင်မြင်လိုသူတို့ထားရမည့် စိတ်သဘောထား၊ စိန်ကေပေါင်းများစွာ ဥပမာ၊ ဒေးဗစ်နှင့် ဂိုးလိယက်ပုံပြင်၊ စိတ်သဘောထားကို ပုံသွင်းသည့်အရာများ၊ ကောင်းသောခံယူချက်သဘောထားကို တည်ဆောက်နည်း၊ အာရုံစိုက်မှုပြောင်းပြီး အကောင်းကိုသာ ရှာဖွေပါ၊ သိထားရမည့်အကောင်းမြင်၊ အဆိုးမြင်၊ ချက်ချင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ကို ပျိုးထောင်ပါ၊ ကျေးဇူးသိတတ်တဲ့ စိတ်ကိုမွေးမြူပါ၊ စဉ်ဆက်မပြတ်ပညာဆည်းပူးပါ၊ ဘွဲ့ရတိုင်း ပညာတတ်မဟုတ်၊ ပညာတတ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ၊ ကိုယ့်ကိုယ်ကို မြတ်နိုးလေးစားတန်ဖိုးထားပါ၊ မကောင်းမှုများ၊ မကောင်းသောလွှမ်းမိုးမှုများနှင့် ဝေးဝေးနေပါ၊ လုပ်သင့်တာတွေလုပ်ရတာကို ကြိုက်နှစ်သက်တတ်အောင် သင်ယူပါ၊ နေ့တိုင်း အပြုသဘော၊ စိတ်ထားကောင်းဖြင့် အစပြုပါ၊ အားသွန်ခွန်စိုက် ဂရုတစိုက်အလုပ်လုပ်၊ ပြီးမြောက်အောင်လုပ်တတ်ခြင်းကို ဂုဏ်ယူစသည့် အောင်မြင်ရေးဆိုင်ရာ သဘာဝများ၊ နိယာမများဖြင့် စုံစုံလင်လင် တင်ပြထားသည်။

အဆိုပါစာအုပ်ကို ရွှေလက်ဆောင်စာပေဖြန့်ချိရေး ဦးအောင်မြင့်နှင့်ဒေါ်သိန်းသိန်း အမှတ် ၄၄၈ ရွှေဘုံသာ(အထက်) အမှတ်-၂၂၃/၂၃၅ (၃၂)လမ်းအထက် ရန်ကုန်မြို့ ဖုန်း-၃၈၉၀၂၂၊ ၃၇၅၃၅၇၊ ၃၇၄၆၃၈တို့သို့ဆက်သွယ်ဝယ်ယူနိုင်ပြီး တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရပ်ကွက်အတွင်းမှ ကြက်ခြံများ သင့်လျော်ရာပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျွဲရဲမြောက်ကျေးရွာ ကွက်သစ်ရပ်၌ ကြက်များကို စီးပွားဖြစ်မွေးမြူထားရာ လူနေအိမ်များနှင့်နီးကပ်စွာရှိနေပြီး ထိုကြက်ခြံမှ ထွက်ရှိသောအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ ကျန်းမာရေးထိခိုက်ရပါသောကြောင့် သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **မုံရွာသား။**

ရပ်ကွက်အတွင်းမှ အမှိုက်ပုံ ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် မြို့ပတ်လမ်းရှေ့ ရေမြောင်းကြီးရှိ အမှိုက်နှင့်မြေဆိုးများကို ဆယ်ယူပြီး စုပုံထားသည်မှာ မြင်မကောင်းအောင်ဖြစ်နေပါသည်။

ထိုအမှိုက်နှင့် အနံ့ဆိုးများကြောင့် လမ်းနေပြည်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ရှင်းလင်းပေးပါရန်တင်ပြအပ်ပါသည်။

ရပ်ကွက်သန့်ရှင်းစေလိုသူ။

သံပန်းသံတံခါးလုပ်ငန်းက ဆူဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ဥဇ္ဇနာ(၇)လမ်းအတွင်းရှိ သံပန်းသံတံခါးလုပ်ငန်းတစ်ခုမှ နေ့စဉ်နှင့်အမျှ ဆူညံသော အသံများကြောင့် ရပ်ကွက်အတွင်းနေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်နေရပြီး သံဂဟေဆက်သူများ၊ သံညှော်နံ့များ၊ မီးပန်းမီးပွင့်များကြောင့် မီးအန္တရာယ်လည်း စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်စိုးရိမ်သူ။

ကားဘော်ဒီရုံမှ ဆေးမှုတ်နံ့မခံနိုင်

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် ခိုင်ရွှေဝါ(ဗဟို) လမ်းမကြီး အမှတ်(၁၆၀)ရှိ မြေကွက်လပ်တွင် ကားဘော်ဒီထုသံနှင့် ဆေးမှုတ်ခြင်းအနံ့တို့ကြောင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေပြီး ၄င်းအလုပ်ရုံသည် ဗဟိုလမ်းမကြီးပေါ်မှာ ကားများရပ်ပြီး ဘော်ဒီထုခြင်း၊ ကားဆေးမှုတ်နေခြင်းတို့ကြောင့် လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ကမာရွတ်သား။**

ဝက်ခေါက်လုပ်ငန်းမှ အနံ့ဆိုး မခံနိုင်

စာတည်းခင်ဗျား -

ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် သိမ်ကြီးလမ်းအောက်ဘက်လမ်းရှိ အိမ်တစ်အိမ်တွင်ဝက်ဆီကျိုချက်ခြင်း၊ဝက်ခေါက်ပြုတ်ခြင်းတို့မှ ထွက်ပေါ်လာသောအနံ့ဆိုးများကို ပတ်ဝန်းကျင်နေထိုင်သူများ နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရပါသဖြင့် အဆိုပါလုပ်ငန်းကို ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ။**

ဆေးနံ့ ပတ်ဝန်းကျင်မခံနိုင် ဆောင်ရွက်ပြီးဖြစ်

၃-၈-၂၀၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **ချောင်းဦးမြို့ စည်ပင်သာယာဈေးအရှေ့ဘက်တန်းရှိ စိုက်ပျိုးရေးဆေးဆိုင်မှဆေးနံ့ ပတ်ဝန်းကျင်မခံနိုင်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဝက်ခြံမှအနံ့ဆိုး ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

၆-၉-၂၀၁၀ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၃)ရှိ အိမ်တစ်အိမ်မှ မွေးမြူထားသောဝက်ခြံမှ အနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင် ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **ခရိုင်ကျန်းမာရေးဦးစီးဌာန**

သစ်စက်အင်ဂျင်စက်ဆူညံသံ ဆောင်ရွက်ပြီး

၂၁-၇-၂၀၁၀ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျှက်မှော်အနောက်ရပ်ကွက်ရှိ သစ်စက်နှစ်စက်မှ အင်ဂျင်စက်ဆူညံသံ ပေးစာနှင့်ပတ်သက်၍ ၂၁-၇-၂၀၁၀ရက်ကဆောင်ရွက် ပြီးစီးကြောင်း တင်ပြအပ်ပါသည်။ **မြို့နယ်သစ်တောဦးစီးဌာန**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

တိုက်စစ်မှူး ဘာဘာတော့ဗ်က မန်ယူအတွက် ဤသို့ ခေါင်းတိုက်ဂိုး သွင်းယူခဲ့သည်။

ဘာဘာတော့ဗ်၏ ဟက်ထရစ်ဂိုးဖြင့် မန်ယူနိုင် ချယ်လ်ဆီးတို့ ငါးပွဲဆက်တိုက်အနိုင်ရ

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် စက်တင်ဘာ ၁၉

ပရီမီယာလိဂ် ပွဲစဉ် (၅) လက်ကျန်ပွဲစဉ်အဖြစ် မန်ယူနှင့် လီဗာပူးတို့ စက်တင်ဘာ ၁၉ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက တိုက်စစ်မှူး ဘာဘာတော့ဗ်၏ ဟက်ထရစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ပါဝင်ကစား

မန်ယူတွင် အဓိကကစားသမားများဖြစ်သည့် ရွန်နေ၊ ဘာဘာတော့ဗ်၊ ဖလက်ချာ၊ ပေါစခိုးလ်၊ အိုရှေး၊ ဂစ်၊ ဗီဒစ်၊အီဗရာ၊အီးဗန့်စ် စသော ကစားသမားများပါဝင်ကစားခဲ့သည်။

သွင်းယူ

ထို့အတူ လီဗာပူးအသင်းတွင်လည်း စတီဗင်ဂျရတ်၊ တောရက်စ်၊ ကာရေဂါ၊ ကွန်ချက်စကီး၊ ဂျိုကိုးလ်အစရှိသော ကစားသမားပါဝင်ကစားခဲ့သည်။ ပွဲစသည်နှင့် တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ကစားခဲ့ကြသည်။ပထမပိုင်း ပွဲပြီးရန် သုံးမိနစ်အလိုတွင် ရှိုင်ယန်ဂစ် ဘယ်တောင်ပံမှ ဖြတ်တင်ပေးလိုက်သော ဘောလုံးမှ တစ်ဆင့် တိုက်စစ်မှူး ဘာဘာတော့ဗ်က မန်ယူအတွက် ခေါင်းတိုက်အဖွင့်ဂိုးသွင်းယူခဲ့သည်။

အနိုင်ရ

တိုက်စစ်မှူး ဘာဘာတော့ဗ်က မန်ယူအတွက် ဒုတိယဂိုးကို ဒုတိယပိုင်းပွဲချိန် ၅၉မိနစ်တွင် နာနီ၏ဖြတ်တင်ဘောမှတစ်ဆင့် လှလှပပသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး မကြာမီ လီဗာပူးက တန်ပြန်တိုက်စစ်ဆင်ခဲ့ရာ ၆၃မိနစ်အကြာတွင် တောရက်စ်အား အီးဗန့်စ်က မန်ယူဂိုးဧရိယာတွင် ကြမ်းတမ်းစွာ ကစားခဲ့၍ ပယ်နယ်တီ ပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို စတီဗင်ဂျရတ်က သွင်းယူခဲ့သဖြင့် လီဗာပူးတို့ ချေပဂိုး စတင်ရခဲ့သည်။ ယင်းနောက် မန်ယူဂိုးရှေ့မလှမ်းမကမ်းတွင် လီဗာပူးက တည်ကန်ဘောရခဲ့ပြန်သည်။ ယင်းတည်ကန်ဘောကို စတီဗင်ဂျရတ် ကန်ခဲ့ရာ ဂိုးဝင်သွားသဖြင့် လီဗာပူးတို့ ဒုတိယမြောက် ချေပဂိုးရခဲ့သည်။ ထို့နောက် ပွဲချိန် ၈၂မိနစ်တွင် အိုရှေး၏ ဖြတ်တင်ဘောမှတစ်ဆင့် ဘာဘာတော့ဗ်က ခေါင်းတိုက် သွင်းယူခဲ့သဖြင့် မန်ယူတို့ တတိယဂိုး ရခဲ့သည်။ ပွဲအပြီး ဘူလ်ဂေးရီးယား တိုက်စစ်မှူး ဘာဘာတော့ဗ်၏ ဟက်ထရစ်ဂိုးဖြင့် မန်ယူတို့အနိုင်ရခဲ့သည်။

တိုက်စစ်မှူး တီဗက်ဇ်က မန်စီးတီးအတွက် ဤသို့ အဖွင့်ဂိုး သွင်းယူခဲ့သည်။

ဝီဂန် - မန်စီးတီး

ဝီဂန်နှင့်မန်စီးတီးတို့ကစားရာတွင် မန်စီးတီးက တီဗက်ဇ်နှင့် တိုရေးတို့၏ ဂိုးများဖြင့် အနိုင်ရလိုက်သည်။ မန်စီးတီးအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးတီဗက်ဇ်က ပထမပိုင်း ၄၃မိနစ်အတွင်း သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယဂိုးကို ပွဲချိန် ၇၁မိနစ်တွင် တိုရေးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးဂိုးပြတ်နိုင်ပြန်ပြီ

ချယ်လ်ဆီးအသင်းနှင့် တန်းတက် ဘလက်ပူးလ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် ချယ်လ်ဆီးက ပထမပိုင်းတွင် ကာလူးက တစ်ဂိုး၊ မာလူဒါကနှစ်ဂိုး၊ ဒရော့ဘာက တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် တစ်ဖက်နှင့် တစ်ဖက် ထပ်မံဂိုး မသွင်းနိုင်တော့ဘဲ ပွဲသိမ်းခဲ့သည်။ ချယ်လ်ဆီးတို့ယင်းအနိုင်ပွဲကြောင့် ယခုနှစ် ပရီမီယာလိဂ် တွင် ငါးပွဲဆက်တိုက်အနိုင်ရရှိထားသည်။ **ကိုးကား-အင်တာနက်**

မြန်မာမြားပစ်အားကစားသမားများလက်စွမ်းပြ ပထမနေ့ပွဲစဉ်အပြီး၌ ရွှေ ခြောက်ခု၊ ငွေ ခုနစ်ခု၊ ကြေး သုံးခု ဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့နံနက် ၉နာရီခွဲမှစ၍ ကျိုက္ကဆံအမှတ် (၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် သုံးခု ဆွတ်ခူးရရှိသွားသည်။ ပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး အား/ကာ)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်းကျင်းပသောပွဲစဉ်များ၌ Compound အမျိုးသားအမှတ်ပေးအသင်းလိုက်ပြိုင်ပွဲတွင် ရဲမင်းဆွေ၊ စောမြကျော်သူနှင့် ချစ်ဝင်းရှိန်တို့ပါဝင်သော မြန်မာ (က)အသင်းက ၂၀၃၄မှတ်ဖြင့်ပထမ၊ အောင်ခြိမ့်ဘော်၊ ပိုင်မြတ်သူနှင့် ဇာနည်ထက်တို့ပါဝင်သော မြန်မာ(ခ)အသင်းက အမှတ်၁၉၇၀ ဖြင့်ဒုတိယ၊ အိန္ဒိယအသင်းက ၁၉၀၃ မှတ်ဖြင့် တတိယ၊ တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲတွင် စောမြကျော်သူ(မြန်မာ)က ၆၈၅ မှတ်ဖြင့် ပထမ၊ အောင်ခြိမ့်ဘော်(မြန်မာ)က ၆၈၂ မှတ်ဖြင့်ဒုတိယ၊ချစ်ဝင်းရှိန်(မြန်မာ)က ၆၇၈ မှတ်ဖြင့် တတိယတို့ရရှိကြသည်။ Recurve အမျိုးသမီးအသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် သင်းသင်းခိုင်၊ စန်းယုထွေးနှင့် သဇင်အောင်တို့ပါဝင်သော မြန်မာ(က) အသင်းက ၁၇၇၉ မှတ်ဖြင့် ပထမ၊ ကြည်ကြည်ခင်၊ လိုင်းနိုင်နှင့် ယုနန္ဒာအောင်တို့ပါဝင်သော မြန်မာ(ခ)အသင်းက ၁၆၂၈မှတ်ဖြင့်ဒုတိယ၊ တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲတွင် Narisara Tinbua ထိုင်းက ၆၅၁ မှတ်ဖြင့်ပထမ၊ သင်းသင်းခိုင် (မြန်မာ)က ၆၄၃ မှတ်ဖြင့် ဒုတိယ၊ ကြည်ကြည်ခင် (မြန်မာ)က ၆၂၁မှတ်ဖြင့် တတိယတို့ ရရှိကြသည်။

အမျိုးသားအသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာ(က) အသင်း။

အမျိုးသမီး တစ် ဦး ချင်း အမှတ်ပေး ပြိုင်ပွဲ တွင် ရွှေတံဆိပ် ဆွတ်ခူး ရရှိခဲ့သော အောင်ငိုမ်း။

တစ်ဦးချင်းပြိုင်ပွဲ

ညနေပိုင်းပွဲစဉ်များတွင် Compound အမျိုးသမီးအသင်းလိုက်အမှတ်ပေးပြိုင်ပွဲ၌ အောင်ငိုမ်း၊ လှလှစံနှင့် ယောစိမ်းယ တို့ပါဝင်သောမြန်မာအသင်းက ၁၉၉၁မှတ်ဖြင့် ပထမ၊ မြန်မာ(၁)အသင်းက ၁၇၄၉မှတ်ဖြင့်ဒုတိယ၊ အိန္ဒိယအသင်းက ၁၅၀၅မှတ်ဖြင့် တတိယ၊ တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲ၌ အောင်ငိုမ်း (မြန်မာ)က ၆၇၇မှတ်ဖြင့် ပထမ၊ လှလှစံ (မြန်မာ)က ၆၆၈ မှတ်ဖြင့်ဒုတိယ၊ Vennam Jyothi Surekha(အိန္ဒိယ)က ၆၅၅မှတ်ဖြင့် တတိယတို့ရရှိကြသည်။ Recurve အမျိုးသားတစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲတွင် ဇော်ဝင်းထိုက် (မြန်မာ)က ၆၆၉မှတ်ဖြင့် ပထမ၊ Witthaya Thamwong ထိုင်းက အမှတ် ၆၆၀ဖြင့်ဒုတိယ၊ Gartugs Jantsan(မွန်ဂိုလီးယား)က ၆၅၉မှတ်ဖြင့် တတိယ၊ အသင်းလိုက်အမှတ်ပေးပြိုင်ပွဲတွင် ထိုင်းအသင်းက ၁၉၅၂မှတ်ဖြင့် ပထမ၊ ဇော်ဝင်းထိုက်၊ ရန်အောင်စိုးနှင့် နေမျိုးအောင်တို့ပါဝင်သော မြန်မာ(က) အသင်းက ၁၉၁၇မှတ်ဖြင့် ဒုတိယ၊ နန်းအောင်၊ ရှိန်းထက်ကျော်နှင့် အောင်ကြီးတို့ပါဝင်သော မြန်မာ(ခ)အသင်းက ၁၇၀၁မှတ်ဖြင့် တတိယတို့ရရှိကြသည်။

ထိပ်ဆုံးမှဦးဆောင်

ပထမနေ့ပွဲစဉ်များအပြီးတွင် အိမ်ရှင်မြန်မာက ရွှေ ခြောက်ခု၊ ငွေ ခုနစ်ခု၊ ကြေး သုံးခုဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ထိုင်းက ရွှေ နှစ်ခု၊ ငွေ တစ်ခုဖြင့် ဒုတိယနေရာ၊ အိန္ဒိယက ကြေး သုံးခုဖြင့် တတိယနေရာနှင့် မွန်ဂိုလီးယားက ကြေး တစ်ခုဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေသည်။ ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၀ရက်**(ယနေ့)** နံနက် ၈နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

❖ အာကာကျော် - စုစည်းသည် ❖

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား မက်ဆီ ဘာစီလိုနာတွင် ၁၀နှစ်ကြာ ကစားခဲ့



မက်ဒရစ် စက်တင်ဘာ ၁၉

အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ် မက်ဆီအား ဘာစီလိုနာအသင်း၌ ၁၀ နှစ်ကြာ ကစားနိုင်ခဲ့ခြင်းအတွက် နည်းပြ ဂွါဒီယိုလာက အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့သည်။

ပြောကြား

အသက် ၂၃နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီသည် အသက် ၁၃ နှစ်အရွယ်မှစပြီး ဘာစီလိုနာ လူငယ်ကစားသမားအဖြစ် ကစားခဲ့သူဖြစ်ကြောင်း၊ မက်ဆီသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဖြစ်လာကြောင်း နည်းပြ ဂွါဒီယိုလာက ပြောကြားသည်။

ဆွတ်ခူးပေးနိုင်

မက်ဆီသည် ဘာစီလိုနာအသင်းသို့ရောက်ပြီး ခြောက်နှစ်အကြာ ဘာစီလိုနာ အသင်းကြီးတွင် အမြဲတမ်းပွဲထွက်ကစားသမားအဖြစ် ကစားခွင့်ရခဲ့သည်။ ၎င်းသည် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါဖလားလေးလုံး၊ စပိန်စူပါဖလားနှစ်လုံး၊ ချန်ပီယံလိဂ်ဖလားနှစ်လုံး၊ ဥရောပစူပါဖလားနှင့် ကမ္ဘာ့ကလပ်ချန်ပီယံဆုဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သည်။ (အင်တာနက်)

သွင်းယူ

နယူးကာဆယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဘင်အာဖာက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ကိုးနှစ်အတွင်း ဂွတ်ဒီဆင်ပတ်ခ်၌ နယူးကာဆယ် ပထမဆုံးနိုင်ပွဲရ

လန်ဒန် စက်တင်ဘာ ၁၉

အင်္ဂလိပ် ပရီမီယာလိဂ် ပွဲစဉ်(၅)ကို စက်တင်ဘာ ၁၈ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ နယူးကာဆယ်က အဲဗာတန်အိမ်ကွင်း ဂွတ်ဒီဆင်ပတ်ခ်၌ ကိုးနှစ်ကာလအတွင်း ပထမဆုံး နိုင်ပွဲရလိုက်သည်။ နယူးကာဆယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပြင်သစ်မာဆေးကလပ်မှ အငှားခေါ်ယူထားသော ဘင်အာဖာက ပထမပိုင်းပြီးခါနီးတွင် ၂၅ကိုက်အကွာမှ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် ယခုပွဲအပါအဝင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေရပြီး ရမှတ်ခုနစ်မှတ်ရရှိထားသည်။ အဲဗာတန်အသင်းသည် ယခုနှစ်ရာသီတွင် တစ်ပွဲမျှ အနိုင်မရသေးဘဲ အမှတ်ပေးဇယား အောက်ဆုံးသုံးသင်းနေရာတွင် ရှိနေဆဲဖြစ်သည်။

အခြားပွဲများ

ထိုနေ့တွင် စပါးက ဝူဗာဟမ်တန်ကို သုံးဂိုး-တစ်ဂိုး၊ ဝက်စ်ဘရွန်းက ဘာမင်ဂမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။ သို့ရာတွင် စတုတ်နှင့် ဝက်စ်ဟမ်း၊ အက်စ်တွန်ဗီလာနှင့် ဘော်လ်တန်၊ ဘလက်ဘန်းနှင့် ဖူလ်ဟမ်၊ ဆန်းဒါးလန်းနှင့် အာဆင်နယ်တို့ ကစားခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့ကြသည်။

(အင်တာနက်)

နှစ်(၇၀)ပြည့် မွေးနေ့ဆုတောင်း

ချစ်ဖေဖေ **နိုင်သက်လွင်** ၏ ၂၀-၉-၂၀၁၀ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာလျက် ချစ်ဇနီး၊သားသမီး၊မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့ပြီး ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းလျက်-

ချစ်ဇနီး - မိကျင်သန်း

သားသမီးများ - မင်းဗညားစန်း-မသက်သက်ဆွေ
မိကွန်ချမ်း-ကိုကျော်စိုး
မင်းလကွန်းအိမ်-ဒေါက်တာမိကောင်းသဇင်
မင်းဗညားအောင်ထွန်း၊ မြေးများနှင့်တူ၊တူမများ။

အောက်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့နံနက် ၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၂၀ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၉

လှိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ကျင်းပသော မဲရုံမှူး၊ ဒုတိယ မဲရုံမှူး၊မဲစာရင်းစစ်ဆေးသူ၊ မဲပြားထုတ်ပေးသူ၊ မဲရုံလုံခြုံရေးနှင့်မဲရုံအဖွဲ့ဝင်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လုပ်ငန်း တာဝန်များဆိုင်ရာဆင့်ပွားသင်တန်းကို လှိုင်မြို့နယ် အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်း၌ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲဝင် လှိုင်မြို့နယ်တာဝန်ခံ ဦးငွေထွန်းဦး၊ လှိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်**(အပေါ်ပုံ)**၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် မြို့နယ်ဥပဒေအရာရှိ ဦးမြသန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးနိုင်အောင်ထွန်း၊ ဦးသန်းအောင်၊ ဦးခင်မောင်ဝင်း၊ ဦးနိုင်ကြည်၊ ဦးလှထွန်းတို့က အပိုင်းလိုက် ဆွေးနွေးကြပြီး၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြသည်။ အဆိုပါ ဆင့်ပွားသင်တန်းသို့ မဲရုံမှူးနှင့်အဖွဲ့ဝင်အင်အား ၂၂၀၀ကျော် တက်ရောက်ကြကြောင်း သိရသည်။ (၁၂၈)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာပို့စ်ဂျာနယ် အတွဲ ၂၊အမှတ် ၃၆ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Groupမှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မြန်မာအိုင်စီတီကဏ္ဍဖွံ့ဖြိုးရေး ကိုရီးယားအိုင်စီတီကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည်၊ e-Government နှင့် e-Office လုပ်ငန်း၊ ဒစ်ဂျစ်တယ် ပညာရေးလုပ်ငန်း၊ အမြန်လမ်းမများဆိုင်ရာ Intelligent Transportation Systemလုပ်ငန်း၊ ဖိုင်ဘာဆက်ကြောင်းတပ်ဆင်ခြင်းလုပ်ငန်း၊ စတော့ရှယ်ယာဈေးကွက် သတင်းအချက်အလက်ပေးပို့မှုလုပ်ငန်းတို့ကို စိတ်ဝင်စား၊ အင်တာနက်၊တီဗွီနှင့် တယ်လီဖုန်းသုံးမျိုး ဈေးသက်သက်သာသာဖြင့် ဝန်ဆောင်မှုပေးမည့် GPON စနစ် ကုမ္ပဏီခြောက်ခုလုပ်ခွင့်ပြု စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ အနာဂတ်တွင် လေကြောင်းကုန်စည်ပို့ဆောင်ရေး ပိုမိုအရေးပါလာမည်၊ မြန်မာ့သစ်အချောထည်လုပ်ငန်းများနှင့် ရှော့ပင်းစင်တာများတွင် တရုတ်ကရင်းနှီးမြှုပ်နှံလို၊ အိန္ဒိယအရှေ့မြောက်ဒေသ ကုန်သည်ကြီးများနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ၊ မင်းဘူး-ပဒါန်း-အမ်း- စစ်တွေ ရထားလမ်းပိုင်း မြေသားလမ်းပြုပြင်ဆောင်ရွက်နေ၊ Junction Centre(မော်တင်) ဖွင့်ပြီ၊ ရန်ကုန်မြို့လယ်အချက်အချာနေရာ၌ နိုင်ငံတကာအဆင့်မီ Ruby Mart ဖွင့်ဦးမည် စသည့်မျက်နှာဖုံးသတင်းများနှင့် မောင်စူးစမ်း၊ လူထုစိန်ဝင်း၊ မောင်ဝံသ တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပါတီငါးခု ဆက်လက်လျှောက်ထားခြင်းမရှိ၍ ဖျက်သိမ်း၊ မှတ်ပုံတင်ခွင့်ပြုထားခြင်းမှ ပယ်ဖျက်၍ ဖျက်သိမ်းလိုက်သောပါတီများ၊ ပါတီရဲ့သဘောထားတွေက မဲရရုံသက်သက် တင်ပြတာမဟုတ်ပါဟု ဦးသိန်းထွန်းပြောကြားစသည့် သတင်းများကို ဖော်ပြထားသည်။

ထို့အတူ ယနေ့အကြွေ… ဒီလိုရှင်းပါလေ၊ အဘက်ဘက်တွင် ပြောင်းလဲနေသော ပြင်ဦးလွင် စသည့် သတင်းဆောင်းပါးများ၊ မြန်မာ-တရုတ်ပူးပေါင်းဖောက်လုပ်မည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း မူလသတ်မှတ်ချိန်ထက် တစ်နှစ်နောက်ကျပြီးမှ ပြီးစီးမည်၊ နှစ်နှစ်ခန့်ကြန့်ကြာနေခဲ့သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးနှင့် စစ်တွေဆိပ်ကမ်း ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို အိန္ဒိယက ပြန်လည်ဆောင်ရွက်၊ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၅ဒသမ ၄ဘီလီယံတန်ဖိုးရှိ ရေအားလျှပ်စစ်စီမံကိန်း နှစ်ခုဆောင်ရွက်ရန် အိန္ဒိယစီစဉ်၊ သုံးနိုင်ငံအဝေးပြေးလမ်းမကြီးဖောက်လုပ်ရန် မြန်မာနိုင်ငံက သဘောတူလက်ခံ၊ ဆက်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းများ၌ တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရန်စီစဉ်၊ အချစ်အကြောင်းပြောကြတဲ့ အနုပညာရှင်များ၊ ခိုးကူးခွေနဲ့ပတ်သက်တဲ့ ဂီတလောကမှ စကားသံများ စသည့် စိတ်ဝင်စား ဖွယ်သတင်းများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

အစီအစဉ်

၂၀-၉-၂၀၁၀
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	**အောင်တော်မူ** စောမင်းနောင်၊ စိုင်းညိုမင်း(တေးရေး-ဖိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	အတီးပြိုင်ပွဲ
၈:၂၅	၈။	တေးဂီတအစီအစဉ်
၈:၄၀	၉။	International News
၈:၄၅	၁၀။	နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့)
၈:၅၀	၁၁။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပဒေသာ
၄:၂၅	၃။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
၄:၃၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်း၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒအထူးပြုများ) (သမိုင်း)
၄:၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၆။	**စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်**
၅:၁၀	၇။	တေးဂီတအစီအစဉ်
၅:၂၀	၈။	မြန်မာစာ၊ မြန်မာစကား
၅:၃၀	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၁၈)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**အရက်ဦးမှာ ဖူးသည့်ကြာ** (ဇာတ်သိမ်းပိုင်း) ရုပ်ရှင်အနုပညာရှင်များ (ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး)

* ကျော်ဖုံးမှ

နှစ်ရက်တာကျင်းပမည့်ပြိုင်ပွဲတွင် တစ်နေ့လျှင် ပြည်တွင်းစိန်ခေါ်ပွဲ ခြောက်ပွဲ၊ ပြည်ပနှင့်စိန်ခေါ်ပွဲ နှစ်ပွဲစီဖြင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ ပထမနေ့တွင် သားသား(မြန်မာ)နှင့် ဘိုဟန်(ပြင်သစ်)၊ ဝါးရင်းတုတ်ဖိုးကေ(မြန်မာ)နှင့်ပါဝိ(ထိုင်း)၊ ဒုတိယနေ့တွင် စိုးလင်းဦး(မြန်မာ)နှင့် မန်ကော်ရို(ထိုင်း)၊ စောမန်း(မြန်မာ)နှင့် ဆိုင်းရပ်(အမေရိကန်) တို့က နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအဖြစ် ထိုးသတ်ကြမည်ဖြစ်သောကြောင့် မြန်မာ့ရိုးရာလက်ဝှေ့သမားလေးဦးတို့သည် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ကျိုက္ကဆံအားကစားဝင်းအတွင်း၌ လေ့ကျင့်နေကြခြင်းဖြစ်သည်။ စောမန်းကို ၄င်း၏ဦးလေးဖြစ်သူ နည်းပြဆရာ ရိုးရိုးထွေး(ခ)မောင်ကျော်နှင့် အား/ကာမှ ဆရာဦးတင်ဦးတို့က လေ့ကျင့်ပေးကြသည်။ စောမန်းသည် အလွတ်တန်း ထပ်ဆင့် ဒင်္ဂုံရွှေအောင်လံ(၂၀၀၉၊ ၂၀၁၀)နှင့် မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ(၂၀၀၉)ဖြစ်သည်။ လက်ရှိအနေအထား၌လည်း မြန်မာ့ရိုးရာလက်ဝှေ့လောက၏ အမြင့်ဆုံးချန်ပီယံတစ်ယောက်အဖြစ် ရပ်တည်နေသူဖြစ်ရာ ပြိုင်ဘက်အမေရိကန်လက်ဝှေ့သမားကို အနိုင်ထိုးသတ်နိုင်ရေး မျှော်မှန်းကြိုးပမ်းလျက်ရှိသည်။

အတွေ့အကြုံ

အပူးအချုပ် ကျွမ်းကျင်ပိုင်နိုင်ထားသော စောမန်းသည် လက်သီးထိုးချက်၊ တံတောင်ရိုက်ချက်များပါ ပိုင်ဆိုင်လာပြီဖြစ်သည့်အတွက် စိတ်အားတက်ကြွလျက်ရှိသည်။ စောမန်းက "ကျွန်တော် စောင့်ရတာတောင် သိပ်စိတ်မရှည်ချင်တော့ဘူး၊ မေလတုန်းက လပွတ္တာမှာ ရန်ကြီးအောင်နဲ့ ထိုးပြီးကတည်းက တခြား ဘယ်ပွဲမှ မရှိဘဲ လေ့ကျင့်နေခဲ့တာဆိုတော့ ကြိုးဝိုင်းထဲဝင်ချင်စိတ်တွေ အလွန်ပြင်းပြနေတယ်၊ ကျွန်တော်နဲ့ ယှဉ်ရမယ့်သူက အမေရိကန်လက်ဝှေ့သမားဆိုပေမယ့် သူကျွမ်းကျင်တာက မွေထိုင်းနည်းစနစ်တွေပဲမို့ ကျွန်တော် သိပ်စိတ်မပူပါဘူး၊ ကျွန်တော့်မှာ မွေထိုင်းလက်ဝှေ့သမားတွေနဲ့ ယှဉ်ပြိုင်ခဲ့တဲ့အတွေ့အကြုံ အများကြီးရှိပါတယ်" ဟု ပြောကြားခဲ့သည်။

စိတ်အားထက်သန်

သားသားကို နည်းပြဆရာ ကဘော်မြေ ကျော်စိုးက လေ့ကျင့်ပေးနေသည်။ ယခုပွဲသည် သားသား၏ ပထမဆုံး နိုင်ငံတကာပွဲလည်းဖြစ်သည်။ တွေ့မရှောင် ခေတ္တအနားယူနေသည့်အခိုက် သားသားက နိုင်ငံတကာပွဲထွက်လာခြင်းဖြစ်သည်။ အထူးသဖြင့် သားသားပိုင်နိုင်သော တံတောင် ရိုက်ချက်များ၊ ညာပတ်ခြေကန်ချက်များ၊ချုပ်ဒူး တိုက်ချက်များကို နည်းစနစ်နှင့် နည်းဗျူဟာ အံ့ဝင်ခွင်ကျဖြစ်စေရန် လေ့ကျင့်နေပြီး သက်လုံနှင့် ကြံ့ခိုင်ရေးပိုင်းကိုလည်း ဂရုပြုလျက်ရှိသည်။ သားသားက "ကျွန်တော် ရွှေခါးပတ်မရခဲ့တဲ့ ခံစားမှုတွေကို ဒီပွဲမှာ ဖောက်ခွဲပစ်လိုက်မယ်၊ အဲဒီတုန်းက ကျွန်တော် ပြိုင်ဘက်ကို အလဲမထိုးနိုင်ခဲ့လို့ အရှုံးသတ်မှတ်တာ ခံခဲ့ရတယ်၊ ဒီပွဲက စိန်ခေါ်ပွဲမို့ အလဲမထိုးနိုင်ရင်လည်း သရေပွဲ ရမှာဖြစ်ပေမယ့် ကျွန်တော်ကတော့ အလဲထိုးဖို့ပဲ စိတ်အားသန်နေတော့တယ်" ဟု ပြောကြားခဲ့သည်။

ကြိုးစား

ဝါးရင်းတုတ် ဖိုးကေကို ၄င်း၏ ဖခင်လည်းဖြစ်၊ နည်းပြဆရာလည်းဖြစ်သူ

စောမန်းကို ဆရာမောင်ကျော်က အပြင်းအထန်လေ့ကျင့်ပေးနေစဉ်။

ဆရာဦးအောင်မြင့်က လေ့ကျင့်ပေးနေပြီး အစ်ကိုဖြစ်သူ ဖိုးသားကြီးက လေ့ကျင့်ဖော်အဖြစ် တွဲဖက်လေ့ကျင့်ပေးလျက်ရှိသည်။ ဖိုးကေ၏ အားသာချက်ဖြစ်သော ပွဲသိမ်းလက်သီးနှင့် ပွဲသိမ်းဒူးများအပြင် အမြင့်ပျံခြေကန်ချက်များ၊ အောက်ခြေပိုင်း ကန်ချက်များ၊ တံတောင်ရိုက်ချက်များပါ ပိုမိုကောင်းမွန်လာအောင် လေ့ကျင့်နေပြီး နည်းဗျူဟာပိုင်းတွင်လည်း ပြိုင်ဘက်ဖြစ်သူ ပါဝိ(ထိုင်း)၏ ထိုးသတ်ထားသော လက်ဝှေ့ပွဲများကို ကြည့်ရှုလေ့လာကာ အနိုင်ရမည့်နည်းဗျူဟာပိုင်းကို ပြင်ဆင်ထားကြောင်းသိရသည်။ ဖိုးကေက "အခု မြန်မာ့ရိုးရာလက်ဝှေ့ဘက်က ယှဉ်ပြိုင်မယ့် လေးယောက်မှာ ကျွန်တော်နဲ့ ကိုသားသားက အတွေ့အကြုံ အနည်းဆုံးဖြစ်နေပါတယ်၊ ဒါပေမယ့် ကျွန်တော် မပေါ့ဆပါဘူး၊ ကျွန်တော့်ကို ယုံယုံကြည်ကြည် ပွဲထုတ်လာတဲ့ ပုဂ္ဂိုလ်တွေ ကျွန်တော့်ကို သံယောဇဉ်ရှိတဲ့ ပရိသတ်တွေ စိတ်မပျက်ရအောင် ကျွန်တော် ကြိုးစားမှာပါ၊ အလဲထိုးနိုင်ပွဲယူဖို့ စံချိန်ဆက်ထိန်းမယ့် စိတ်အား ထက်သန်နေပါတယ်"ဟု ပြောကြားသွားခဲ့သည်။

စိုးလင်းဦးကို နည်းပြဆရာ ဒေါနမြေ ကျော်စိုးက လေ့ကျင့်ပေးနေသည်။ စိုးလင်းဦးသည် ယခုပြိုင်ပွဲရုံ၌ မွေထိုင်း စစ်စ်ိဝပ်ကို အလဲထိုးအနိုင်ယူထားဖူးသည်။ ၄င်း၏ ဆရာကလည်း မွေထိုင်းလက်ဝှေ့ နည်းစနစ်နှင့် နည်းဗျူဟာများကို ထဲထဲဝင်ဝင် လေ့လာသိရှိထားသူဖြစ်ရာ ယခုပွဲ၌ စိုးလင်းဦး အနိုင်ရရှိစေမည့် နည်းစနစ်နှင့်နည်းဗျူဟာများကို ချမှတ် လေ့ကျင့်ပေးနေကြောင်း သိရသည်။ စိုးလင်းဦးက "ကျွန်တော်က ပြီးခဲ့တဲ့ ရွှေခါးပတ်ပွဲမှာ လိုက်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံဖြစ်ထားတာ မကြာသေးတော့ ပိုပြီး ဂရုစိုက်ရပါတယ်။ ရိုးရာလက်ဝှေ့ ရွှေခါးပတ် ချန်ပီယံတစ်ယောက်က မွေထိုင်း လက်ဝှေ့သမားကို အရှုံးပေးရတယ်ဆိုတာမျိုး လုံးဝမဖြစ်စေရပါဘူး၊ ကျွန်တော့်ရဲ့ အလဲထိုးနိုင်ပွဲယူတဲ့ စံချိန်ကို ဆက်ထိန်းသွားမှာပါ" ဟု ဖွင့်ပြောသွားခဲ့သည်။

မျှော်လင့်ချက်ထား

ယခုပွဲကို တွဲဆိုင်းစီစဉ်မှုတာဝန်ယူထားသည့် T & T Group မှ ဦးစိုးသန်းဝင်းကလည်း "ကျွန်တော် ဒီပွဲကို စီစဉ်တာ မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာ မာရှယ်အတ်လောကထဲ ထိုးဖောက်နိုင်ဖို့ ဖြစ်ပါတယ်၊ ဒီပွဲမှာ ကျွန်တော်တို့ဘက်က လက်ဝှေ့သမားလေးတွေ အနိုင်ရရှိဖို့ မျှော်လင့်ချက်လည်းထားပါတယ်" ဟု ပြောကြားသွားခဲ့သည်။ အမေရိကန်၊ ပြင်သစ်၊ ထိုင်းလက်ဝှေ့ သမားများသည် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် ရောက်ရှိလာမည်ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်တွင် မီဒီယာတွေ့ဆုံပွဲတစ်ရပ် ပြုလုပ်မည်ဟုလည်း ၄င်းက ဆက်လက်ပြောကြားခဲ့ပါကြောင်း….။ ။ **(မြန်မာ့အလင်း)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဗဟန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျဆင်းမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။

အားပေး

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဗဟန်းမြို့နယ် မြို့မရပ်ကွက်ရှိ (၂)လမ်းနှင့် (၁)လမ်းတို့၌ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေး ဟောပြောနေမှုတို့ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်သည် ဗဟန်းမြို့နယ် ကြားတောရရပ်ကွက်ရှိ ကြားတောရလမ်းသွယ် အဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချော ခင်းကျင်းပြီးစီးမှု၊ ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ ကွက်သစ်လမ်း၊ ပုဇွန်တောင် ဥယျာဉ် အိမ်ရာဝင်းလမ်းနှင့် ရေကျော်လမ်းများ ကွန်ကရစ်လမ်းချော ခင်းကျင်းပြီးစီးမှုနှင့် မြို့နယ်အတွင်း သောက်သုံးရေပိုမိုရရှိရန် အမှတ်(၆)ရပ်ကွက်ရှိ ကုန်ဈေးတန်းလမ်း၌ အချင်းခြောက်လက်မရှိ မြေအောက်ပိုက်လိုင်းတူးဖော်ခြင်းနှင့် သံချေးများ ဆေးကြောသန့်စင်ရန် ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနား ချောင်းဆုံ၌ကျင်းပ

ချောင်းဆုံ စက်တင်ဘာ ၁၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက်က ချောင်းဆုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးမြင့်က ဖတ်ကြားသည်။

ဟောပြော

ယင်းနောက် ချောင်းဆုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မျိုးသက် **(အောက်ပုံ)**က မူးယစ်ဆေးဝါးပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးလှဝင်းက မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများကိုလည်းကောင်း ဟောပြောကြသည်။

(ပညာရေး)

ကလောမြို့နယ်တွင် မဲရုံမှူးများသင်တန်းဖွင့်ပွဲကျင်းပ

ကလော စက်တင်ဘာ ၁၈

ကလောမြို့နယ် မြို့နယ်ခန်းမ၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၀ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ ကလောမြို့နယ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးနေလင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ စုစုပေါင်းအင်အား ၃၀၇ဦး တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းဖြေကြား

အခမ်းအနားတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးနေလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမှုံက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မဲရုံအဖွဲ့ဝင်များအား ကလော၊ အောင်ပန်း၊ ဟဲဟိုး နယ်မြေအလိုက်တာဝန်ပေးအပ်ပြီးနောက် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များကို လုပ်ငန်းညွှန်ကြားချက်များ ရှင်းလင်းပြောကြားကာ ဆန္ဒမဲပေးခြင်းနှင့် ပတ်သက်၍ လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက မရှင်းလင်းသည့်အချက်များကို ပြန်လည်ဆွေးနွေးမေးမြန်း၍ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(၁၈၉)

ယဉ်ကျေးလိမ္မာသင်တန်းသားများအတွက် ဒဂုံ အထက(၂)၌ စုပေါင်းလှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့၊ စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်တွင် နွေရာသီကျောင်းပိတ်ရက် ပထမအကြိမ် ဖွင့်လှစ်မည့် ယဉ်ကျေးလိမ္မာသင်တန်းသားများ နံနက်စာ၊ နေ့လယ်စာကျွေးမွေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာနေ သီရိသုဓမ္မမဏိဇောတရေ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစုက အလှူငွေကျပ် ၂၆၁၀၀၀၊ ဒဂုံ အထက (၂) ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အလှူငွေကျပ် ၈၁၅၀၀ နှင့် ဆန် ၁၀ အိတ် ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၁ရက် နံနက်က ဒဂုံ အထက(၂) ဆရာကြီး ဦးဘလွင်ခန်းမ၌ကျင်းပရာ ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း (သတင်းထောက်- စဥ့်ကူစိုးဝင်း)က ကျင်းပမည့် အစီအစဉ်များကို အတန်းကိုယ်စားလှယ် ကျောင်းသား ကျောင်းသူများအား ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် သီရိသုဓမ္မမဏိဇောတရေ ဦးမြင့်စိုး၊ ဒဂုံ အထက (၂) ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းနှင့်အဖွဲ့က **(အောက်ပုံ)** အလှူငွေနှင့် ဆွမ်းဆန်များ ပေးအပ်လှူဒါန်းရာ ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း (သတင်းထောက်- စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသီ(တရားရုံးချုပ်ရှေ့နေ)နှင့် တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုး(တရားရုံးချုပ်ရှေ့နေ)တို့က လက်ခံယူကြသည်။ **(၁၁၃)**

မသန်စွမ်းသူများအတွက် အခမဲ့ကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၈

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးစီမံချက်အရ မသန်စွမ်းလူငယ်များအား ကွန်ပျူတာသင်တန်းကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဋ္ဌမအကြိမ်မြောက် သင်တန်းကို အောက်တိုဘာ ၁ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယင်းသင်တန်းသို့တက်ရောက်လိုသူ မသန်စွမ်းလူငယ်များသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရုံးခန်း အမှတ်၇၉၇ အခန်း(၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း(ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၀၁-၂၁၅၉၃၉၊ ၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅ နှင့် ၀၉-၅၀၄၂၆၂၁ တို့သို့ စက်တင်ဘာ ၁၈ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း နှင့်အထောက်အကူပြု ပစ္စည်းရလိုသူများ အနေဖြင့်လည်း အဆိုပါရုံးခန်းသို့လာရောက် လျှောက်ထားနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြို့နယ်သတင်း ထွေတလာ

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်သူ့ဈေးအတွင်း ဈေးဆိုင်များတွင် ရောင်းချသောဆားများ အိုင်အိုဒင်းပါဝင်မှု ရှိမရှိကို စက်တင်ဘာ ၁၅ရက်က ဦးစီးအရာရှိ ဒေါ်တင်တင်အေးနှင့် ဈေးတာဝန်ခံ ဦးစိုးမွန်ဦးတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အိုင်အိုဒင်းဆားစစ်ဆေး

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းဆားရောင်းချမှု ရှိမရှိကို စက်တင်ဘာ ၁၀ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်အဆောက်အအုံသစ် ပေါင်မြို့နယ် အလုပ်ကျေးရွာ၌ ပန္နက်တင်

ပေါင် စက်တင်ဘာ ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်မည့် ရှင်စောပုစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၁ရက် နံနက်က အလုပ်ကျေးရွာကုလားကုန်းအုပ်စု စာကြည့်တိုက်မြေနေရာ၌ ကျင်းပသည်။

စိုက်ထူ

အခမ်းအနားတွင် စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးနှင့် ကော်မတီအတွင်းရေးမှူး အလုပ်ကျေးရွာ ဥက္ကဋ္ဌ ဦးစံသိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်လွင်တို့က ပန္နက်တိုင်များကို သတ်မှတ်နေရာအသီးသီး၌ စိုက်ထူပေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါစာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၄ပေ၊ အမြင့် ကိုးပေ၊ သွပ်မိုး၊ အုတ်ကာနှင့် အင်္ဂတေခင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မှတ်သားဖွယ်ရာမိုးရေချိန်
၁၉-၉-၂၀၁၀

ပူတာအိုမြို့	၅ ဒသမ ၀၀ လက်မ
သာစည်မြို့	၂ ဒသမ ၇၇ လက်မ
ရွှေဘိုမြို့	၂ ဒသမ ၀၉ လက်မ
ကျိုက္ကမီမြို့	၁ ဒသမ ၇၃ လက်မ
နွားထိုးကြီးမြို့	၁ ဒသမ ၇၀ လက်မ
ဟဲဟိုးမြို့	၁ ဒသမ ၆၉ လက်မ

နေအဖွဲ့အစည်းအတွင်း အကြီးဆုံးဂြိုဟ်ကြီးဂျူပီတာ ယနေ့ညတွင် ကောင်းကင်ယံ၌တွေ့ရမည်

ကိတ်ကာနေဗယ် စက်တင်ဘာ ၁၉

နေအဖွဲ့အစည်းအတွင်း အကြီးမားဆုံးဂြိုဟ်ဖြစ်သည့် ဂျူပီတာဂြိုဟ်ကို စက်တင်ဘာ ၂၀ရက် **(ယနေ့)** ညကောင်းကင်ယံ၌ ပိုမိုကြည်လင်ပြတ်သားစွာ တွေ့မြင်ရလိမ့်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ ဂျူပီတာဂြိုဟ်ကြီးသည် စက်တင်ဘာ ၂၀ရက် ညပိုင်းတွင် လူသားများ နေထိုင်ရာ ကမ္ဘာဂြိုဟ်ကြီးမှ မိုင်ပေါင်း ၃၆၈ သန်းအကွာ၌ တည်ရှိမည်ဖြစ်ကြောင်း၊ ယင်းအကွာအဝေးမှ ဖြတ်သန်းသွားနေသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။ ယင်းဂြိုဟ်ကြီးသည် ၁၉၆၃ခုနှစ်နောက်ပိုင်း ကမ္ဘာနှင့်အနီးဆုံး ဖြတ်သန်းသွားခြင်းဖြစ်ကြောင်း၊ ထိုသို့ ဖြတ်သန်းသွားစဉ် စက်တင်ဘာ ၂၀ရက် ညပိုင်းတွင် ကောင်းကင်ယံ၌ အတောက်ပဆုံး၊ အလင်းလက်ဆုံး ကြယ်များထက် သုံးဆပိုမိုလင်းလက်ပြီး တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ ဂျူပီတာဂြိုဟ်သည် ၁၂နှစ်လျှင်တစ်ကြိမ် ကမ္ဘာနှင့်နီးကပ်စွာ ဖြတ်သန်းသွားလေ့ရှိကြောင်း၊ သို့ရာတွင် ယခု ဖြတ်မည့်အကြိမ်သည် အနီးကပ်ဆုံး ဖြတ်သန်းခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)



ဖိုးကေကို ဖိုးသားကြီးက အပြင်းအထန် လေ့ကျင့်ပေးနေစဉ်။

မြန်မာ-အမေရိကန်-ပြင်သစ်-ထိုင်း နိုင်ငံတကာလက်ဝှေ့စိန်ခေါ်ပွဲ
မြန်မာ့ရိုးရာလက်ဝှေ့ကျော်များ အောင်စိတ်ထား၍ပါဝင်ဆင်နွှဲမည်

➤ သတင်းမှတ်စု - ဖင်လင်းထွန်း(နေဖြူ) ➤

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ၏ အဓိကကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်(MTF)နှင့် T &T Group တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ-အမေရိကန်-ပြင်သစ်-ထိုင်း နိုင်ငံတကာ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတစ်ရပ်ကို စက်တင်ဘာ ၂၅ရက်နှင့် ၂၆ရက်များတွင် သုဝဏ္ဏပြိုင်ပွဲရုံ၌ မွန်းလွဲ ၂နာရီမှ စတင်ကျင်းပတော့မည်ဖြစ်ရာ အဆိုပါပြိုင်ပွဲ၌ ပြည်ပလက်ဝှေ့သမားများနှင့် ယှဉ်ပြိုင်ထိုးသတ်ကြမည့် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များသည် အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် ပါဝင်ဆင်နွှဲရန် ကျိုးကြောင်းဆံလေ့ကျင့်ရေးစခန်း၌ အပြင်းအထန် လေ့ကျင့်လျက်ရှိနေကြပြီဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၄ ✻